မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ် ပေါကြွယ်ဝသည့်နိုင်ငံဖြစ်

၎င်းအရင်းအမြစ်များကို မိမိတို့ ပေါင်းစည်းညီညွတ်သည့်အား၊ စွမ်းရည်များနှင့်ပေါင်းစပ်တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတိုင်း အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်

နေပြည်တော် ဇွန် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ပြီးစီးသွားသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၈နာရီက မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူဘူတာယာဒ်ဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက် အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်မှ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ အိုးစည်ဒိုးပတ် အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် ကြံခင်း-ပခုက္ကူ မီးရထားလမ်းစီမံကိန်း၏

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲခုတ်မောင်းစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၁၃-၆-၂၀၁၀

မြို့	မိုးရေချိန်
ကျောက်ဖြူမြို့	၆ ဒသမ ၁၄လက်မ
စစ်တွေမြို့	၄ ဒသမ ၁၇ လက်မ
ကသာမြို့	၄ ဒသမ ၀၁ လက်မ
မောင်တောမြို့	၃ ဒသမ ၉၈ လက်မ
ဝမြို့	၃ ဒသမ ၄၂ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၁၄ ရက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး သတိပြုလိုက်နာကျင့်ကြံနေထိုင်

ကျန်းမာရေးသည် လူသားအားလုံးအတွက် တန်ဖိုးအထားရဆုံးသော လာဘ်တစ်ပါးဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးသည် တန်ဖိုးမဖြတ်နိုင်သည့် ဂုဏ်ဒြပ်ဖြစ်သည်။

ယနေ့ကာလသည် မိုးဖြိုင်ဖြိုင်ရွာသွန်းလာပြီဖြစ်၍ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှော၊ နှာစေးချောင်းဆိုး၊ အဆုတ်အအေးမိရောဂါများဖြစ်ပွားနိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။ အထူးသဖြင့် ခြင်ပေါက်ပွားမှုအများဆုံးကာလဖြစ်၍ သွေးလွန်တုပ်ကွေး ဖြစ်ပွားနိုင်သည့်အချိန်ဖြစ်ပေရာ ရေတွင်း၊ ရေအိုင်၊ ရေစည်၊ ရေအိုးများတွင် ပေါက်ပွားသော ခြင်ကျား အကိုက်ခံရသူမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်၍ ခြင်နှိမ်နင်းရေးကို အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးမဖြစ်ပွားရန် ဖုံး၊ သွန်၊ လဲ၊ စစ် ကို တိတိကျကျ လိုက်နာကျင့်သုံးသွားပါက ခြင်အန္တရာယ်မှကင်းဝေးပြီး ရောဂါဖြစ်ပွားမှုကိုလည်း ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ခြင်ကျားသည် ပင်လယ်ရေမျက်နှာပြင် ပေ ၃၀၀၀အထိ တောင်ပေါ်ဒေသများ၌ပင် ရှင်သန်ပေါက်ပွားပြီး နေ့အခါ၌ ကိုက်လေ့ရှိသည်။ သွေးလွန်တုပ်ကွေးသည် ၁၅နှစ်အောက် ကလေးများတွင် အဖြစ်များတတ်ကြောင်း တွေ့ရှိရသည်။ ယခုအခါ လူကြီးများတွင်ပင် ဖြစ်ပွားလာသည်ကို တွေ့ရှိရ၍ အသက်အရွယ် မရွေး၊ ရာသီဥတုမရွေး ဖြစ်ပွားနိုင်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ကျောင်းများတွင် ခြင်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်းများကို ပြုလုပ်ကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာသည် ကိုယ်ပူခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ အပြင်းဖျားခြင်း၊ အရေပြားပေါ်တွင် အစက်အပြောက်များထွက်ခြင်း၊ အရေပြားအောက်၌ အလိုလိုသွေးယိုခြင်း စသော လက္ခဏာများရှိသည်။

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော သတိပေးနှိုးဆော်ချက်များကို သတိပြု လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားနှင့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဗာတ်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရုပ်သိမ်း

ထို့နောက် တိုင်းမှူးက ရန်ကုန်တိုင်းအတွင်းမှ ဆုရရှိသူအသီးသီးအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပိုစတာပြိုင်ပွဲသို့ တက်ရောက်အားပေးကြည့်ရှုသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံနှင့် ဆုရပိုစတာများကို ကြည့်ရှုအားပေးကြပြီး ခန်းမအတွင်း၌ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှု **(အပေါ်ယာပုံ)**ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇွန် ၁၂ ရက်က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး စီမံချက်အရ ဖုံး၊ သွန်၊ လဲ၊ စစ်၊ ရေသွန်ရေမှောက်ပြုလုပ်ခြင်း၊ ရေတွင်း၊ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၆)

ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲ ဒုတိယဝန်ကြီး ဦးသိန်းထွန်း တက်ရောက်

နေပြည်တော် ဇွန် ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းသည် ဇွန် ၁၁ရက်က ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းရှိ ကွန်ပျူတာစာသင်ခန်းများ၌ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြေးနန်း ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (ကိုအီကာ) ၏ အစီအစဉ်ဖြင့် မြန်မာ POSCO Engineering & Construction က ကွန်ပျူတာ ၁၂၅လုံး ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြား၍ မြန်မာ POSCO Engineering & Construction ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr.Kim Chang Kyu၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr.Yun Kang Hyeon နှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဌာနေကိုယ်စားလှယ် Ms.Kim Jin Hwa တို့က အမှာစကားပြောကြားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ငါတို့ဆရာ ငါတို့သာသနာ** တရားတော် [သီတဂူဆရာတော် (ဒေါက်တာအရှင်ဉာဏိဿရ)]
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၆)
- ၈:၃၀ Sports World (Contender France)
- ၈:၅၅ Activities in the City -ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော သွေးလှူဒါန်းပွဲ
- ၉:၁၅ နိဗ္ဗာန်အကျိုးသို့မျှော် လှူဒါန်းနိုင်စေသောဝ်
- ၉:၃၅ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၁၀:၂၅ ဂီတသံစဉ်များနှင့် မိုးယံညှ
- ၁၀:၄၅ International Show Biz
- ၁၁:၀၀ Praram 9 Hospital (အပိုင်း-၄)
- ၁၁:၂၅ သောတ္တိသေန သမ္ဘာလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၂:၀၅ စာအုပ်ပြခန်း (ရန်ကုန်ခရီးသွားဂျာနယ်)
- ၁၂:၃၀ လူငယ်အများ သွေးသန့်စင် **အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်** (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခ ဒေါက်တာနေဝင်း)
- ၁:၀၀ **ငါတို့ဆရာ ငါတို့သာသနာ** တရားတော် [သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူလွင်ရဲ့ ဦးဆုံးအစ ဘဝအလှ)
- ၃:၀၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရွှင်တော်လည်း လူသားပါ** အောင်သော်၊ မျောက်ရှုံး၊စံလင်း၊ ကြာစိ၊ ကျင်ဗုက်၊ ခေါလေး [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၃:၂၀ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၆)
- ၄:၀၅ Activities in the City (ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော သွေးလှူဒါန်းပွဲ
- ၄:၂၅ Praram 9 Hospital (အပိုင်း-၄)
- ၄:၄၅ နိဗ္ဗာန်အကျိုးသို့မျှော်.... လှူဒါန်းနိုင်စေသောဝ်
- ၅:၀၅ ဂီတသံစဉ်များနှင့် မိုးယံညှ
- ၅:၂၀ Road To Highest Competition (North Korea)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၃၅ အနုပညာမိုးကောင်းကင်
- ၇:၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၇:၂၀ စာအုပ်ပြခန်း (ရန်ကုန်ခရီးသွားဂျာနယ်)
- ၇:၄၀ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူလွင်ရဲ့ ဦးဆုံးအစ ဘဝအလှ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၉:၂၅ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၆)
- ၁၀:၀၀ **ကြိုဆိုလျက်ပါ** မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ငှက်ပျောကြော်၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လူရွှင်တော်လည်း လူသားပါ**
- ၁၁:၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၁၁:၁၅ သောတ္တိသေန သမ္ဘာလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၁:၅၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂:၀၀ မင်းလှရေလျောင်တမံ
- ၁၂:၀၅ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ရှိရီး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

တည်ဆောက်ပြီးစီးမှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၏ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရောဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေမှု၊ တံတားတည်ဆောက်ပြီးစီးပါက စုစုပေါင်းတံတားအရှည် ၁၉၄၅၇ပေ ခန့်ရှိလာမည်ဖြစ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် အသစ်ပေါ်ထွန်းလာမည့်အခြေအနေ၊ အိန္ဒိယ- မြန်မာ- ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး (India -Myanmar -Thai Tripartite Highway) ပေါ်ထွန်းလာပါက တံတားကြီးသည် အဆိုပါလမ်းမကြီးပေါ်၌ တည်ရှိနေမည့်အခြေအနေ၊ စီမံကိန်းဆောင်ရွက်ရာတွင် အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်း သုံးနေရာစလုံး၌ နေ့ညမနား တစ်ပြိုင်တည်း တည်ဆောက်နေမှု၊ တံတားအုတ်ကြောင်း ရှာဖွေတိုင်းတာခဲ့မှု၊ တံတားတည်နေရာ၊ တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများ၊ တံတားတည်ဆောက်ရာတွင် ပင်မတံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတားအပေါ်ထည်တည်ဆောက်ခြင်းလုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်နေမှု၊ ပင်မတံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းတစ်ခုလုံး၏ ၄၁ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လုပ်ငန်းလျာထားချက်များဖြစ်သည့် ပင်မတံတားဘိုးပိုင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတားတိုင်ကိုယ်ထည်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ တံတားရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစီမံချက်နှင့် တိုးတက်မှုအခြေအနေ၊ ရန်ပုံငွေ၊ စက်၊ ယာဉ်၊ ယန္တရားနှင့် တည်ဆောက်ရေးပစ္စည်းများရရှိမှုနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ တည်ဆောက်ဆဲ ရောဝတီမြစ်ကူးတံတားကြီးငါးစင်းဖြစ်သည့် စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိင်္ခတံတားတို့၏ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ရောဝတီတံတား(ပခုက္ကူ)၏ ရထားချဉ်းကပ်လမ်းများကို ကမ်းနှစ်ဖက်လုံးတွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းတစ်ခုလုံး၏ ၆၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ တံတားတည်ဆောက်ပြီးစီးသည်နှင့် တစ်ပြိုင်တည်း ရထားဖြတ်သန်းသွားလာနိုင်အောင် စီမံဆောင်ရွက်နေမှု၊ ရောဝတီတံတား(စင်းခန်း)တွင် ရထားချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ မြေကြီးလုပ်ငန်းအားလုံး တည်ဆောက်ပြီးစီးမှုနှင့် ရထားသံလမ်းခင်းရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီး

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီ၊ ဘိလပ်မြေစသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းသုံးစွဲသွားရန်၊ မိမိတို့တွင် တံတားတည်ဆောက်ရေးအတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်၍ နိုင်ငံတော်စီမံကိန်းကြီးများဖြစ်သည့် တံတားကြီး၊ ငယ်များကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်သွားရန်၊ ဤတံတားကြီးများသည် လုပ်ငန်းပမာဏရော ငွေကြေးပမာဏအရပါ ကြီးမားများပြားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ အမှားအယွင်းမရှိအောင် အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ရာသီဥတုနှင့် မြစ်ရေအခြေအနေအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သင့်သော လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဟန်ချက်ညီမျှစွာ ဆောင်ရွက်ရင်း အကောင်းဆုံးရလဒ်ရရှိအောင် လုပ်ဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ ရောဝတီမြစ်အတွင်းနှင့် ကမ်းနှစ်ဖက်တို့၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ပန်ခြေပေါ်ဘက်ကမ်း၌ တံတားချဉ်းကပ်လမ်းဖောက်လုပ်ရန် လျာထားဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပြီးတည်ဆောက်

ရောဝတီတံတား(ပခုက္ကူ)ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ရထားလမ်းနှင့် ကားလမ်းပါရှိမည့် တံတားကြီးဖြစ်သည်။ ကားလမ်းတံတားအရှည် ၁၃၄၆၅ပေနှင့် ရထားလမ်းတံတား အရှည် ၁၉၄၅၇ပေရှိမည်ဖြစ်သည်။ ပင်မတံတားအရှည်မှာ ၁၁၄၃၁ပေရှိမည်ဖြစ်ပြီး တံတားပေါ်တွင် အကျယ် ၂၈ပေရှိ နှစ်လမ်းသွားကားလမ်း၊ အကျယ် ၁၄ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် အကျယ်သုံးပေသုံးလက်မစီရှိမည့် လူသွားလမ်းတို့ ပါရှိမည်ဖြစ်သည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတားကြီးကို ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလေးထားဆောင်ရွက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံ၏ အဓိကကျသည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အလေးထားဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအပြင်ဘက်၌ ပြသထားသော အထူးပြုကုမ္ပဏီများ၏ လှူပ်ရှားမှု ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌက မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ကမ္ဘာနှင့် မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးနှုန်းများနှင့် ပြည်တွင်းဆန်စပါး စီးဆင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သုံးသပ်တင်ပြ

ထို့နောက် အထူးပြုကုမ္ပဏီများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်သုံးသပ်တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အထွေထွေမန်နေဂျာက ဆန်စပါးပို့လျှံရာ ပြည်နယ်နှင့်တိုင်းများတွင် မြို့နယ်အလိုက် ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရုပ်သိမ်း

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးကြပြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

ပဲခူးတိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာတင်အောင်အေး၊ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဒေါ်ခင်လှမြင့်တို့သည် ပဲခူးတိုင်းအတွင်းရှိ တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဇွန် ၉ရက် နံနက် ၉နာရီတွင် တောင်ငူမြို့ရှိ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကြိုတင် စီစဉ်ထားရှိရမည့်လုပ်ငန်းများ၊ လက်တွေ့ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ ဖြေရှင်းရမည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပဲခူးတိုင်းအတွင်းရှိ တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အက်စ်-၃၀၀ ဒုံးကျည်များ အီရန်သို့ပေးပို့မည့်ကိစ္စ ရုရှား ဆိုင်းငံ့

မော်စကို ဇွန် ၁၃

အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ဆို့အရေးယူမှုအသစ် ချမှတ်ပြီးနောက် ရုရှားအစိုးရက အီရန်သို့ အက်စ်-၃၀၀ ဒုံးကျည်များ ပေးပို့မည့်အစီအစဉ်ကို ဆိုင်းငံ့ရန် ရုရှားဝန်ကြီးချုပ်ပူတင်က ဇွန် ၁၂ရက်၌ ပြောကြားသည်။

ဝန်ကြီးချုပ်ပူတင်က ပြင်သစ်သမ္မတ ဆာကိုဇီနှင့် ပါရီမြို့တော်ရှိ အီလီဆီနန်းတော်၌ ဇွန် ၁၁ရက်ကတွေ့ဆုံရာတွင် အထက်ပါအတိုင်း တာဝန်ယူပြောကြားခြင်းဖြစ်သည်ဟု ပြင်သစ်သမ္မတ၏လက်ထောက်က ပြောကြားသည်။

တုံ့ပြန်

ယင်းဆုံးဖြတ်ချက်သည် အလွန်တရာ သတ္တိရှိရှိချမှတ်သည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု ပြင်သစ်သမ္မတက ရုရှားဝန်ကြီးချုပ်၏ သဘောထားကို တုံ့ပြန်ပြောကြားသည်။

ပြောကြား

အီရန်အပေါ် စတုတ္ထအကြိမ်မြောက် အရေးယူပိတ်ဆို့မှုကို ထောက်ခံသည့်ဆုံးဖြတ်ချက်သည် လုံးဝလွယ်ကူသည့်ကိစ္စမဟုတ်ကြောင်း ဝန်ကြီးချုပ်ပူတင်ကပြောကြားသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။ *(အင်တာနက်)*



ရုရှားဝန်ကြီးချုပ် ပူတင်။

အီရတ်၌ အယ်လ်ခိုင်ဒါစစ်သွေးကြွ ခေါင်းဆောင်ဖမ်းမိ

ရာမာဒီ ဇွန် ၁၃

အီရတ်လုံခြုံရေးတပ်ဖွဲ့သည် အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်အတွင်းရှိ အယ်လ်ခိုင်ဒါတို့ ခိုအောင်းရာနေအိမ်တစ်လုံးကို ဇွန် ၁၂ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အယ်လ်ခိုင်ဒါ စစ်သွေးကြွခေါင်းဆောင်ကို လက်ရဖမ်းဆီးရမိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ပါဝင်

၄င်းသည် ဒါဇင်နှင့်ချီသော အီရတ်အပြစ်မဲ့ပြည်သူများအပါအဝင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ခြင်းနှင့် ပြန်ပေးဆွဲသည့်ပြစ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်ဟုဆိုသည်။

နစ်နာဆုံးရှုံး

စစ်ဘေးဒဏ်ကို ခံစားနေရသည့် အီရတ်နိုင်ငံအတွင်း၌ အယ်လ်ခိုင်ဒါ စစ်သွေးကြွ ခေါင်းဆောင်များ သေဆုံးမှုသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများအတွက် အလွန်ကြီးမားသည့် နစ်နာဆုံးရှုံးမှုကိုဖြစ်စေသည်ဟု အီရတ်နှင့်အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

စစ်သွေးကြွနှစ်ဦး ပါကစ္စတန်အစိုးရဖမ်းဆီး

အစ္စလမ္မာဘတ် ဇွန် ၁၃

ကရာချိမြို့အား အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုဖြင့် သံသယမကင်းသူ စစ်သွေးကြွနှစ်ဦးအား ပါကစ္စတန်ရဲတပ်ဖွဲ့က ဇွန် ၁၂ရက်၌ ဖမ်းဆီးလိုက်သည်။

ကရာချိဒေသ ဘာဒီယာမြို့ရှိ စစ်သွေးကြွများ၏ ခြေကုပ်စခန်းများကို ပါကစ္စတန်ရဲတပ်ဖွဲ့ကတိုက်ခိုက်ခဲ့ပြီး တာရိ-အီး-တာလီဘန် စစ်သွေးကြွ(တီတီတီ)အဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု ထိပ်တန်းတာဝန်ရှိသူ ရှာဟစ်က ပြောကြားသည်။

အင်နာမူလာမီဆွတ်နှင့် ဆာဂျာဒူလာမီဆွတ်တို့နှစ်ဦးအား စစ်ဆေးမေးမြန်းရာ မြောက်ဝါဇီရစ္စတန်ဒေသမှ ဗုံးဖောက်ခွဲသူတစ်ဦးကို ကရာချိသို့ခေါ်ယူပြီး ဗုံးဖောက်ရန်စီစဉ်နေကြောင်း သိရှိရသည်။

၄င်းတို့နှစ်ဦးအဖမ်းခံရသဖြင့် ကရာချိမြို့ အကြမ်းဖက်မည့် အစီအစဉ်များ ပျက်ပြားသွားခဲ့ရသည်ဟု ရှာဟစ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ဂူယွမ်မြို့ရှိ ထီးစက်ရုံလုပ်ငန်းခွင်တစ်နေရာကို ဇွန် ၁၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန် ကွက်တာမြို့၌ အကြမ်းဖက်တိုက်ခိုက်မှု သုံးနှစ်အတွင်း ၇၉၂ ဦးသေဆုံးခဲ့

အစ္စလမ္မာဘတ် ဇွန် ၁၃

ပါကစ္စတန်နိုင်ငံ ဘလူချစ္စတန်ပြည်နယ် မြို့တော်ကွက်တာ၌ လွန်ခဲ့သည့် သုံးနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူပေါင်း ၇၉၂ ဦးရှိခဲ့သည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က ဇွန် ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်လွှင့်

ပြည်နယ်အာဏာပိုင်အဖွဲ့၏ နှစ်ပတ်လည်သတင်းထုတ်ပြန်ချက်အရ ကွက်တာမြို့တော်နှင့်အနီးဝန်းကျင်တို့၌ မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် မိသားစု ၃၅၀၀၀ခန့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ဟု ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

ခိုအောင်း

အာဖဂန်နစ္စတန်သို့ ၂၀၀၁ခုနှစ်နှောင်းပိုင်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ကတည်းက ပါကစ္စတန်နယ်စပ်ဒေသများသို့ တာလီဘန်စစ်သွေးကြွများ ရောက်ရှိခဲ့ရာမှ အာဖဂန်နယ်စပ်ဒေသဖြစ်သည့် ဘလူချစ္စတန်ပြည်နယ်၌ စစ်သွေးကြွများ ပိုမိုခိုအောင်းလျက်ရှိသည်ဟုဆိုသည်။ **(အင်တာနက်)**

အီရတ်၌ ဗုံးပေါက်ကွဲမှု ကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်အရှေ့ပိုင်း၌ အမေရိကန်တပ်ဖွဲ့ ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် အပါအဝင် ခုနစ်ဦးသေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်း၌ ဇွန် ၁၃ရက်က ဖော်ပြသည်။

ဒိုင်ယာလာပြည်နယ် ဂျာလာဝါမြို့တွင် ဇွန် ၁၁ရက်က ပေါက်ကွဲမှုဖြစ်ပွားရာတွင်လည်း အီရတ်ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်ဟု အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

မော်တော်ကားတွင် သိုဝှက်ထားသည့် လမ်းဘေးဗုံးမှာ ပူးပေါင်းကင်းလှည့်တပ်ဖွဲ့အနီး၌ ပေါက်ကွဲပြီးနောက် အမေရိကန်မြောက်ပိုင်းတပ်မမှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်နှင့် ကဘူးလ်မြို့ အဝေးပြေးလမ်းမပေါ်၌ လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် မီးလောင်သွားသည့် နေတိုးထောက်ပံ့ရေးယာဉ်တစ်စီးကို ဇွန် ၁၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာကန်ဆောပြည်နယ်၌ ရေလွှမ်း လူ ၂၀ထက်မနည်းသေဆုံး၊ ၃၀ကယ်ဆယ်နိုင်ခဲ့

လစ်တဲရော့ခ် ဇွန် ၁၃

အမေရိကန်နိုင်ငံ အာကန်ဆောပြည်နယ်အနောက်ပိုင်း၌ ဇွန် ၁၁ ရက်က ရေကြီးသဖြင့် လူ ၂၀ထက်မနည်း သေဆုံးပြီး ဒါဇင်နှင့်ချီကာ ပျောက်ဆုံးလျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ပြောကြား

အဆိုပါဒေသရှိ တောတောင်ထူထပ်ရာနေရာ၌ မိုးသည်းထန်စွာရွာသဖြင့် မစ်ဆူရီမြစ်လက်တက်များမှရေများ ပေ ၂၀ အထိ မြင့်တက်ကာ လှိုင်းလုံးများဖုံးလွှမ်းမှုကြောင့် ယင်းကဲ့သို့ လူအများအပြား သေဆုံးရခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မကြုံစဖူး

ကယ်ဆယ်ရေးအဖွဲ့များက ရဟတ်ယာဉ်များ၊ မော်တော်ဘုတ်များအသုံးပြုလျက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူ ၃၀အထိ ကယ်ဆယ်နိုင်ခဲ့ကာ ၃၆ ဦး ပျောက်ဆုံးလျက်ရှိသည်ဟုဆိုသည်။ အဆိုပါရေကြီးမှုသည် ယင်းဒေသ၌ မကြုံစဖူးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နေတိုးထောက်ပံ့ရေးယာဉ် တိုက်ခိုက်ခံရ ကိုးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ကန်ဒါဟာ ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ နေတိုးထောက်ပံ့ရေးကုန်တင်ယာဉ်တစ်စီးကို တာလီဘန်များက တိုက်ခိုက်ခဲ့သဖြင့် ကိုးဦးသေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု အာဖဂန်အရာရှိများက ဇွန် ၁၁ရက်၌ ပြောကြားသည်။

စိုးရိမ်ရ

အဆိုပါ တိုက်ခိုက်မှုတွင် နေတိုးထောက်ပံ့ရေးကုန်တင်ယာဉ်မှာ လုံးဝပျက်စီးသွားခဲ့ပြီး ဒဏ်ရာရရှိသူများအနက် ငါးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိသည်ဟု ဆိုသည်။

သေဆုံးသူများတွင် အမျိုးသမီးလေးဦးနှင့် ကလေးငယ်သုံးဦးပါဝင်သည်ဟု ကန်ဒါဟာပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကန်ဒါဟာပြည်နယ်သည် တာလီဘန်နှိမ်နင်းရေးဟုဆိုကာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့သည့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင်များ အဓိကစခန်းချရာ နေရာတစ်ခုဖြစ်သည်။ **(အင်တာနက်)**

တိဗက်၌ အပျော်စီးရေယာဉ် တိမ်းမှောက် ကမ္ဘာလှည့်ခရီးသည် လေးဦးသေဆုံး

နဂါရီ ဇွန် ၁၃

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ ဇွန် ၁၀ရက်က ပန်ဂွန်တွန်ကန်အတွင်း အပျော်စီးရေယာဉ်တိမ်းမှောက်ရာ ကမ္ဘာလှည့်ခရီးသည် လေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ဇွန် ၁၂ရက်တွင် ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ကယ်ဆယ်နိုင်

ယင်းအပျော်စီးရေယာဉ်ပေါ်၌ ကမ္ဘာလှည့်ခရီးသည်၁၀ဦး လိုက်ပါလာရာ ရေယာဉ်တိမ်းမှောက်ပြီးနောက် ခရီးသည်အားလုံးရေထဲကျသော်လည်း ငါးဦးကိုကယ်ဆယ်နိုင်ခဲ့သည်ဟုဆိုသည်။

ရှာဖွေဆဲ

ပျောက်ဆုံးနေသည့် ကမ္ဘာလှည့်ခရီးသည်နှစ်ဦးကို ယခုတိုင် ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း၊ သေဆုံးသူများမှာ ရှန်ဟိုင်းမြို့မှ လာရောက်လည်ပတ်သည်ဟုယူဆရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ***အမ်အင်န်အေဆင်ဟွာ***

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး မြိတ်၌ ထပ်ဆင့်ရှင်းလင်း

မြိတ် ဇွန် ၁၃

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို မေ ၁၈ရက် နံနက် ၈နာရီက မြိတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါက်တာ ဒေါ်အေးအေးသိန်းက အဖွဲ့ဝင်တိုးတက်ရေး စည်းရုံးဆောင်ရွက်ကြရန် ဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်၌ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဖွင့်

ပုသိမ် ဇွန် ၁၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၀၁၀ခုနှစ် ခြောက်ခရိုင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ရက် မွန်းလွဲ ၁နာရီက ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားတွင် စူပရင်းကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ပါမောက္ခဒေါက်တာစိန်မြင့်က ပြိုင်ပွဲဝင် အသင်းများအား ဝတ်စုံများ၊ ဘောလုံးများ၊ ဆုကြေးငွေနှင့် တိုင်းအားကစားနှင့် ကာယပညာကော်မတီသို့ ပြိုင်ပွဲကျင်းပစရိတ် နှစ်သိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၂၄၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းအားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးသန့်ကလက်ခံယူသည်။ **(ယာပုံ)**

ယှဉ်ပြိုင်

အခမ်းအနားအပြီးတွင် ပုသိမ်ခရိုင် အမျိုးသားဘတ်စကက်ဘောအသင်းနှင့် မအူပင်ခရိုင် အမျိုးသားဘတ်စကက်ဘော အသင်းတို့ စတင်ယှဉ်ပြိုင်ကြသည်။

(ခရိုင် ပြန်/ဆက်)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြောက်ဥက္ကလာ အထက(၁) ကျောင်းသားဟောင်းများ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် (၅)ရပ်ကွက် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုကြသော ကျောင်းသားဟောင်းများအနေဖြင့် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးအောင်ကြည်မြင့် ဖုန်း- ၀၉-၅၁၉၇၇၇၇၊ ၂၅၂၇၇၇၊ ဦးအေးကို၊ ဦးချိုအေး(ACA) ဖုန်း-၀၉-၅၀၅၇၀၆၆၊ ၆၉၁၁၂၃၊ ဦးစိုးသန်း ဖုန်း- ၅၅၉၀၇၄၊ ၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း- ၇၃၀၂၂၀၆၁၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၉၀၃၉၄၊ ဦးသန့်ဇော် ဖုန်း-၀၉-၅၁၃၉၁၄၅နှင့် ဦးမွင့်သစ် ဖုန်း-၀၉-၅၁၁၂၃၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး စုပေါင်းအလှူပွဲသို့ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့ (၁၀)ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ် ၂၅၂နေ ဦးရှိန်-ဒေါ်ပုလေး(သုခိတာ)မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မဘိမ်းမြို့၌ သောက်သုံးရေရရှိရေး မြို့နယ်စည်ပင်ဆောင်ရွက်

မဘိမ်း ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငို့စင်ကျေးရွာ နှစ်လက်မသောက်ရေတွင်းမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိမှုအခြေအနေကို မေ ၁၅ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတည်ဆောက်ရေး လုပ်ငန်းဖြစ်သော ကန်သာယာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အဖွဲ့အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ မေ ၂၂ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကမ္ဘောဒီးယားတွင် ရေတွင်းများ တူးဖော်ပေးမည်

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးသော ကျေးလက်ဒေသများတွင် လယ်သမားများအတွက် ရေတွင်းပေါင်း ၁၀၀၀ခန့်ကို နိုင်ငံတကာငွေကြေးအထောက်အပံ့များဖြင့် တူးဖော်ပေးမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယား ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဇွန် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်ကမ်းလွန်၌ မုန်တိုင်းတိုက်ခတ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ဇွန် ၁၃ရက် နံနက်က တစ်နာရီမိုင် ၇၀နှုန်းရှိ မုန်တိုင်း တိုက်ခတ်ခဲ့ကြောင်း၊ ငါးဖမ်းစက်လှေအချို့ ပျောက်ဆုံးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ နီကိုဘာကျွန်းအနီး ငလျင်လှုပ်

အိန္ဒိယနိုင်ငံ နီကိုဘာကျွန်းအနီးတွင် ဇွန် ၁၃ရက်က အင်အားရစ်ချ်တာစကေး ၇ဒသမ ၇ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ထားကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် ဂါဇာသို့ရောက်ရှိ

ဂါဇာတွင် ဖြစ်ပွားနေသော ကိစ္စရပ်များကို ဖြေရှင်းဆွေးနွေးရန် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မူဆာသည် ဇွန် ၁၃ရက် နံနက်က ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့သို့ရောက်ရှိလာကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ကိုလံဘီယာအနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ကိုလံဘီယာနိုင်ငံအနောက်မြောက်ပိုင်း အင်တီရိုကွီရာပြည်နယ် အပါတာဒိုမြို့အနီးတွင် ဇွန် ၁၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

တရုတ်အရှေ့ပိုင်း၌ မိုင်းတွင်းပြိုကျမှုဖြစ်ပွား

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် လီလူမြို့အနီးရှိ သတ္တုမိုင်းတွင်းတစ်တွင်း ဇွန် ၁၃ရက်က ပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သားသုံးဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

ဂါဇာသို့ ဝင်ခွင့်ပြုရန် စပိန်တောင်းဆို

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီပေးသင်္ဘောများဝင်ခွင့်ပြုရန် စပိန်အာဏာပိုင်များက အစ္စရေးတို့အား ဇွန် ၁၃ရက်၌ တောင်းဆိုလိုက်သည်။ ထို့အပြင် ပါလက်စတိုင်းတို့အား နယ်စပ်အဝင်အထွက်များ ပိတ်ဆို့မှုမပြုထားဘဲ ဖွင့်လှစ်ပေးရန်လည်း တိုက်တွန်းထားသည်။

ဂျပန်ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စု အရှေ့ဘက်ကမ်းလွန်၌ ဇွန် ၁၃ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသော ငလျင်လှုပ်သွားကြောင်း၊ ငလျင်လှုပ်မှုကြောင့် ကာရာစကီမြို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ သေနတ်သမားသုံးဦးအားပစ်သတ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကာကူစီရင်စုတွင် ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်သော သေနတ်သမားသုံးဦးကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ဇွန် ၁၃ရက်၌ ပြောကြားသည်။ ***(အင်တာနက်)***

တိုင်းမှူး ပိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံ - လယ်မွေ ကားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ရက် နံနက်ပိုင်းက ကျိုင်းတုံ-လယ်မွေကားလမ်းတစ်လျှောက် မိုးစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် ဇွန် ၇ရက်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးသို့ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးက စီမံကိန်းရည်မှန်းချက်များအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၁၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)တွင် ဗို့အား ၄၄၀ ရှိ မီတာပုံးကို ဘက်ထရီအိုးဟောင်းထင်ကာ မ,ရွှေ့သူနှစ်ဦး ဓာတ်လိုက်သေဆုံး၊ အိမ်ငှားအယောင်ဆောင်လင်မယား အိမ်ပွဲစားထံမှ ရွှေထည်များ အကြမ်းဖက်လုယက်၊ ရထားလမ်းဖြတ်ကူးသည့်ကားကို မြို့ပတ်ရထားက အရှိန်ပြင်းစွာ ဝင်တိုက်၊ တောင်ကိုရီးယားနိုင်ငံထုတ် အဆင့်မြင့်ဘတ်စ်ကားများ ပုဂ္ဂလိကကုမ္ပဏီ တစ်ခုက တင်သွင်း၊ ကင်ဆာရောဂါကာကွယ်နိုင်သည့် ဆေးဖက်ဝင် မြေသစ်ခွမျိုးစိတ် တစ်မျိုး ချင်းပြည်နယ်တွင်တွေ့ရှိ၊ နိုင်ငံခြားသူနှစ်ဦးက ဈေးရောင်းနေသော အမျိုးသမီးနှစ်ဦးနှင့် ဈေးဝယ်သူများအား အကြောင်းမဲ့ရန်မူကာ အသက်အန္တရာယ်ရှိစေနိုင်သည့် ကိုယ်ထိလက်ရောက်မှုကျူးလွန်၊ ငွေကြေးပြည့်စုံသူ လူငယ်များအကြား စိတ်ကြွဆေးသုံးစွဲမှုမြင့်မားလာ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် နိုင်ငံရေးသဘောတရားများ၊ ဦးကြည်ဝင်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်)နှင့် တွေ့ဆုံခြင်း၊ ချင်းတို့၏ ရိုးရာအစားအစာ 'ဆာဘူးသီး' Myanmar Discovery ၊ သတိတစ်ချက်အလစ် ငွေတစ်သိန်းဆုံးရှုံးခဲ့ရသူအဖြစ်၊ ကိုလိုနီခေတ်ကလို မဲပေးမမှားဖို့ သင်ခန်းစာယူကြစို့ ကဲ့သို့သော ဖတ်စရာ၊ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူတွင် နိုင်ငံခြားသားများ အမြဲတမ်းအခြေချနေထိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်ရရှိရေး မည်သည့်အရာများလိုအပ်သနည်း၊ အမေရိကန်၏ မောင်းသူမဲ့လေယာဉ်များ ပိုမိုအသုံးပြုတိုက်ခိုက်လာခြင်းက ဗီဒီယိုဂိမ်းကစားသည့် စိတ်နေစိတ်ထားအတိုင်း ပြုကျင့်လာစေဖွယ်ရှိ၊ တောင်ကိုရီးယားသမ္မတက မြောက်ကိုရီးယားကို ရန်စ စော်ကားခြင်းများရပ်တန့်ရန် သတိပေး၊ သစ်တောများ ပြန်းတီးမှုမှကာကွယ်ရေး အကူအညီပေးကြပါစို့၊ တိုင်းမ်မဂ္ဂဇင်းမှကောက်နုတ်ဖော်ပြထားသော တီထွင်ဖန်တီးမှု အဆိုးရွားဆုံး နည်းပညာများ၊ နီပေါလူမျိုးတစ်ဦး ဘဏ္ဍာစိုးဘဝမှ မီလျံနာဖြစ်လာခဲ့၊ အထူးတာဝန်အဖွဲ့က အင်္ဂါဂြိုဟ်နှင့်ပတ်သက်သည့်အတွေ့အကြုံများကို ကမ္ဘာမြေပေါ်တွင် အသွင်တုဖန်တီး၍ လေ့ကျင့်ရန်ကြိုးစား စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Medila House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ဓာတုဗေဒမီးကာဝတ်စုံနှင့် အသက်ရှူကိရိယာများ မီးသတ်ဦးစီးဌာနသို့ ဂျပန်အစိုးရနှင့် JICA တို့က ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ JICA တို့က ဓာတုဗေဒမီးကာဝတ်စုံ သုံးစုံနှင့် အသက်ရှူကိရိယာ အစုံ ၅၀တို့အား ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ် Mr. Hideo MIYAMOTO က ဓာတုဗေဒမီးကာဝတ်စုံနှင့် အသက်ရှူကိရိယာများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေထံပေးအပ်ရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဖြည့်တင်းအသုံးပြု

ယခုလှူဒါန်းသော ဓာတုဗေဒမီးကာဝတ်စုံ(Chemical Fires Suits) သုံးစုံနှင့် အသက်ရှူကိရိယာ (Breathing Apparatus Sets) အစုံ ၅၀တို့၏ စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀၀၀ရှိကြောင်းနှင့် မီးသတ်ဦးစီးဌာန အနေဖြင့် အဆိုပါ ကိရိယာများကို မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် ဖြည့်တင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်ဆွေက ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့က ပညာသင်ထောက်ပံ့အလှူငွေကျပ်နှစ်သိန်း၊ စာရေးကိရိယာနှင့် ကျောင်းသုံးဝတ်စုံများ၊ မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းက ငွေကျပ် နှစ်သိန်း၊ ဒေါ်အေးအေးထူး (K Best Net) က ငွေကျပ် သုံးသိန်း၊ ဒေါက်တာ ကောင်းကျော်ဆွေက ငွေကျပ်နှစ်သိန်း၊ အလှူရှင် ၁၆ဦးတို့၏ ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၆၅သိန်းကို အလှူရှင်များကိုယ်စား သီရိသုမင်္ဂလာ မဏိဓောတရေ ဒေါက်တာဦးစိုးသိန်းက ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က လက်ခံသည်။

ထို့နောက် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးရရှိခဲ့သူ ခြောက်ဦးအား ဝန်ကြီးနှင့် ဇနီးတို့က ပညာသင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ပေးအပ်

ယင်းနောက် မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်တို့က တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ဌာနခွဲများရှိ တပ်ဖွဲ့ဝင် သား၊ သမီးများအား ပေးအပ်ကြသည်။ (သတင်းစဉ်)

ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်မှုနှင့် သီရိမင်္ဂလာဈေးသစ်တည်ဆောက်နေမှု မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇွန် ၁၁ရက် နံနက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ပတ္တမြားလမ်းရှိ ကမာရွတ်ချောင်းနှင့် လမ်းဘေးရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် လူအား၊ စက်ယန္တရားအားတို့ဖြင့် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ခိုင်ရွှေဝါ(ဗဟို)လမ်းရှိ ရေနုတ်မြောင်းများ၏ ရေစီးရေလာအခြေအနေကိုလည်းကောင်း၊ လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ် တစ်ထပ်ဈေးရုံများ၊ ဆိုင်ခန်းများနှင့် ရေဂါလန်၁၂၀၀၀ဆံ့ရေလှောင်ကန်တည်ဆောက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

တည်ဆောက်

အဆိုပါ သီရိမင်္ဂလာဈေးသစ် ဖွင့်လှစ်မည့်မြေနေရာသည် ၁၇၃သမ၇၅ဧက ကျယ်ဝန်းပြီး တစ်ထပ်ဈေးရုံကိုးရုံ၊ ဆိုင်ခန်း ၂၀၉၃ခန်း၊ ယာဉ်ကြီး၊ ယာဉ်ငယ်ရပ်နားရန်နေရာ၊ စားသောက်ဆိုင် ၂၂ဆိုင်၊ ရေလှောင်ကန်နှင့် ရေစင်များတည်ဆောက်သွားမည်ဖြစ်ပြီး မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ခင်းလမ်းဆောင်ရွက်

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကော့ဂွန်း-နှစ်ကြား-ဝဲကြီး-ရေကျော်ကျောက်ခင်းလမ်း ဆောင်ရွက်နေမှုကို ဇွန်စရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် အင်ဂျင်နီယာမှူး ဦးမင်းမောင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ထရန်စဖော်မာများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၃

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ထရန်စဖော်မာများအား လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen ၊ စစ်သံမှူး Col.M.M. Naravane နှင့် သံရုံးမှ တာဝန်ရှိသူများ၊ အမှတ် (၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက အဖွင့် အမှာစကား ပြောကြားပြီး သံအမတ်ကြီး H.E. Mr.Aloke Sen က ထရန်စဖော်မာများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သံအမတ်ကြီးက ထရန်စဖော်မာများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများသည် လှူဒါန်းထားသော ထရန်စဖော်မာများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၃

ဇွန် ၁၃ရက် နံနက် ၂နာရီ ၀၀မိနစ် ၁၀စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင်၆၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ နီကိုဘာကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

14-6 (06).pmd 1 6/14/2010, 2:48 AM

မိတ္ထီလာ နို့စားနွားမွေးမြူရေးနှင့် နို့ဆီချက်စက်ရုံ၊ ဝမ်းတွင်း နွေစပါးစိုက်ခင်းနှင့် ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မိတ္ထီလာမြို့တွင်းလမ်းများနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မျိုးသန့်နွေစပါးစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာရှိ ရက် ၉၀ မျိုးသန့်နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိတ္ထီလာမြို့ ကျီကုန်းရပ်ကွက်ရှိ နို့စားနွားမွေးမြူရေးနှင့် နို့ဆီချက်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နွားမွေးမြူရေးခြံအတွင်း နွားများမွေးမြူထားရှိမှု၊ နို့ညှစ်စက်ဖြင့် နို့ညှစ်နေမှု၊ နို့ဆီချက်စက်ရုံအတွင်း နို့ဆီချက်လုပ်နေမှုနှင့် ချက်လုပ်ပြီး နို့ဆီများအား ပုံးများဖြင့် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးခြံနှင့် နို့ဆီချက်စက်ရုံတို့ကို ကျန်းမာရေးစံနှုန်းညီညွတ်စေရေး၊ စားသောက်ကုန်ထုတ် လုပ်ငန်းအဖြစ် အမြဲသန့်ရှင်းစေရေး ဆောင်ရွက်ထားရှိရန်နှင့် လုပ်ငန်းလိုအပ်သည်များကို မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာရှိ တောင်သူတစ်ဦး၏ ရက်၉၀ မျိုးသန့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၀ရက်တွင် တိုင်းမှူး လိုက်ပါလျက် တံတားဦး-မြို့သာ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး တံတားဦးမြို့နယ် ရေကမိုးကျေးရွာ၌ ပြုကန်ဆည်ရေဖြင့် ဒေသခံတောင်သူများ စုပေါင်းစိုက်ပျိုးထားသည့် ရွှေသွယ်ရင် နွေစပါးစိုက်ခင်းနှင့် ပြွန်သုံးလက်ကြားမြောင်းများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုး

ဆက်လက်၍ ဒေသခံတောင်သူများအား တွေ့ဆုံပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သီးထပ်စွမ်းအားမြင့်မားအောင် ကြိုးပမ်းစိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံ-မြို့သာ-တံတားဦး လမ်းပိုင်း မိုင်တိုင်အမှတ် (၅၀၀/၃)၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ငါန်းဇွန်မြို့ လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငါန်းဇွန်မြို့ - ခြသေ့်လက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိကာ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးပဒေသာပင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ငါန်းဇွန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများအား အားပေးစကားပြောကြားကာ ဆေးစတိုနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ရွာသစ် လျှပ်စစ်မြစ်ရေတင်လက်တံမြောင်းအတွင်း ရေဝင်ရောက်ရှိမှု အခြေအနေနှင့် လမ်းဘေး ဝဲ/ယာရှိ နှမ်းစိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ရွာသစ် လျှပ်စစ်မြစ်ရေတင်သို့ ရောက်ရှိကာ (၃၀)ကျူ့စက်များဖြင့် ဧရာဝတီမြစ်မှ ရေငြိမ် ကန်အတွင်းသို့ စိုက်ပျိုးရေစုပ်တင်နေမှု၊ ပင်မမြောင်း၊ လက်တံမြောင်းတို့မှ စိုက်ပျိုးရေပို့လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွာသစ် - ကုလားရွာ - မြောက်ရွာဘိုရွာ-တောင်ရွာဘိုရွာ- ဆီမီးခုံကျေးရွာချင်းဆက်လမ်းများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးရှိ ဆီမီးခုံ(၁) လျှပ်စစ်မြစ်ရေတင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ခရိုင်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က ဆီမီးခုံ အပိုင်း(၁)နှင့် အပိုင်း(၂) လျှပ်စစ်မြစ်ရေတင်တို့မှ လက်ရှိစိုက်ပျိုးရေပေးဝေနေမှုနှင့် နွားထိုးကြီးမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး (၁၅)ကျူ့စက်များဖြင့် ဧရာဝတီမြစ်မှ စိုက်ပျိုးရေစုပ်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၈။ **ဇီဝိတဒါနသွေးလှူကြစို့**
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အတီးပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၁၅ ၃။ **ဆိုကြမယ်၊ ပျော်ကြမယ်**
၄:၅၅ ၄။ **ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ**
၅:၀၀ ၅။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၅:၂၀ ၆။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၅:၄၅ ၇။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(နယ်သာလန်အသင်း နှင့် ဒိန်းမတ်အသင်း)**
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (ဇာတ်သိမ်းပိုင်း)
၁၃။ **သုခမရင်ပြင်**
၁၄။ အစီအစဉ်ပြီး၏။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ ဝန်ကြီးဦးလွန်းသိ ကြည့်ရှုစစ်ဆေး

ပြည်သူများ နှစ်သက်ရာဆိုင်များ၌ လွတ်လပ်စွာဝယ်ယူနိုင်

ရန်ကုန် ဇွန် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဇွန် ၁၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပေါ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးထားသော စက်သုံးဆီ အရောင်းဆိုင်များအနက် အင်းစိန်မြို့နယ် ရန်ကုန်-ပြည်လမ်းမကြီးပေါ်ရှိ မြဝတီစက်သုံးဆီအရောင်းဆိုင် ဆိုင်အမှတ်(၀၀၁) **(အောက်ပုံ)**နှင့် စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဗားကရာလမ်းထောင့်ရှိ New Day စက်သုံးဆီအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ကူညီပံ့ပိုး

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးသည် စက်သုံးဆီလာရောက်ဝယ်ယူကြသော မော်တော်ယာဉ်ပိုင်ရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စက်သုံးဆီဝယ်ယူမှု အဆင်ပြေမှု ရှိ၊ မရှိမေးမြန်းကာ ပုဂ္ဂလိကအရောင်းဆိုင်တာဝန်ခံများအား လုပ်ငန်းခွင် အခက်အခဲများ ရှိ၊ မရှိမေးမြန်း၍ လိုအပ်သည်များ ကူညီပံ့ပိုး ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွတ်လပ်စွာဝယ်ယူနိုင်

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအောက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် စက်သုံးဆီ အရောင်းဆိုင် ၂၆၁ ဆိုင်ကို ဇွန် ၁၀ ရက်မှစတင်၍ ပုဂ္ဂလိကပိုင် စက်သုံးဆီအရောင်းဆိုင်များအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ပြည်သူတို့အနေဖြင့် မိမိတို့နှစ်သက်ရာ စက်သုံးဆီအရောင်းဆိုင်များတွင် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဇွန် ၁၃

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၆ဒသမ ၁၄ လက်မ၊ စစ်တွေမြို့တွင် ၄ဒသမ ၁၇လက်မ၊ ကသာမြို့တွင် ၄ဒသမ ၀၁လက်မ၊ မောင်တောမြို့တွင် ၃ဒသမ ၉၈လက်မ၊ ဂွမြို့တွင် ၃ဒသမ၄၂ လက်မ၊ ကန့်ဘလူမြို့နှင့် ဓောင်းတူမြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီနှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ၂ ဒသမ ၃၆ လက်မတို့ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

__ဇွန် ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ__ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိမိတို့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာအောင် အလုပ်ကို ကြိုးစား

ရထားလမ်းကြီး သားစဉ်မြေးဆက်တိုင် အသုံးချနိုင်အောင် ထိန်းသိမ်း

* ရှေ့ဖုံးမှ

အစိတ်အပိုင်းတစ်ခုဖြစ်သော ဆိပ်ဖြူ-ယောချောင်းအပိုင်း မီးရထားလမ်း ၂၂မိုင် ပြီးမြောက်ခဲ့ပြီဖြစ်၍ ဖွင့်လှစ်သည့်အခမ်းအနား ဖြစ်ပါကြောင်း။

ဆက်သွယ်သွားလာနိုင်

ဤကြံခင်း-ပခုက္ကူ မီးရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် ဆက်သွယ်သွားလာရန် အလွန်အရေးပါသော ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ ဤရထားလမ်းကြီး ပြီးမြောက်သွားလျှင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ ကြံခင်းမြို့ကို ဖြတ်ပြီး မကွေးတိုင်းအတွင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မြို့ ရွာများကို ဖြတ်ကာ မန္တလေးအထိ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့အထိ လည်းကောင်း သွားလာနိုင်မည်ဖြစ်သည့်အပြင် မင်းဘူးမြို့မှ ဖောက်လုပ်ဆဲ မင်းဘူး- အမ်း - ကျောက်တော်-စစ်တွေ မီးရထားလမ်းအတိုင်း ရခိုင်ပြည်နယ် စစ်တွေမြို့အထိ မီးရထားဖြင့် ဆက်သွယ်သွားလာနိုင်ကြတော့မှာ ဖြစ်ကြောင်း။

တည်ဆောက်ပေး

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အလွန်အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး နယ်မြေဒေသ တစ်ခုနှင့်

ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် မီးရထားလမ်း ခရီးမိုင်ပေါင်း ၁၉၇၆ မိုင်နှင့် ဘူတာရုံပေါင်း ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ မီးရထားလမ်းခရီးမိုင် ၃၄၃၃မိုင်နှင့် ဘူတာရုံပေါင်း ၈၇၅ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် စက်ခေါင်း၊ ရထားတွဲနှင့် ကုန်စည်တွဲများကို တိုးချဲ့တည်ဆောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းအပြင် ကွန်ကရစ်ဇလီဖားတုံးစက်ရုံများကိုလည်း ဆောက်လုပ်ခဲ့ကြောင်း။

လမ်းကွန်ရက်

မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေသည့် တစ်ချိန်တည်းမှာပင် မော်တော်ကားလမ်းများကိုလည်း

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် တံတားကြီးငယ်ပေါင်း (သုံးထောင့်တစ်ရာခုနစ်ဆယ့်ငါး) စင်းကို တည်ဆောက်ခဲ့ပြီး ဖြစ်ကြောင်း။

ယခုအခါ ဤတံတားများကို အသုံးပြုပြီး မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုမြို့မှ တောင်ဘက်ဖျား ကော့သောင်းအထိ လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျားမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိသို့လည်းကောင်း တစ်နိုင်ငံလုံး အရှေ့၊ အနောက်၊ တောင်၊ မြောက်

အမှီအခိုကင်းသည့် နိုင်ငံအဖြစ် ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်ခိုင်မာမာ မားမားမတ်မတ် ရပ်တည်နိုင်အောင် မိမိတို့ ကြိုးစားကြရမှာ ဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

မိမိတို့နိုင်ငံသည် သဘာဝ သယံဇာတ အရင်းအမြစ်များ အလွန်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် ဤအရင်းအမြစ်များကို မိမိတို့၏ ပေါင်းစည်းညီညွတ်သည့်အား၊ မိမိတို့

တောင် စီးဆင်းသွယ်တန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ အထင်ကရမြစ်ဖြစ်သည့် ဧရာဝတီမြစ်သည်လည်း မြန်မာနိုင်ငံကို မြောက်မှတောင်သို့ အလယ်ကနေ ပိုင်းခြားစီးဆင်းနေပြီး လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် ကားလမ်းနှင့် ရထားလမ်းအများစုသည်လည်း ရေမြေသဘာဝ အနေအထားအရ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်သာ ဆက်သွယ် ဖောက်လုပ်ထားသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသများသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့မှုကြောင့် ပညာရေး၊ စီးပွားရေး၊

တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို တည်ဆောက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူဖြစ်သလို တိုင်းရင်းသား ပြည်သူများအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်တဲ့ သွေးစည်းညီညွတ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်း ဖြစ်တယ်"** ဟု လမ်းညွှန်ခဲ့ကြောင်း။

အရည်အသွေးမြှင့်တင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်းတံတားများ အပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်

တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသလမ်းများကိုပါ အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

တာဝန်ယူတည်ဆောက်

၁၉၈၈ခုနှစ် မတိုင်မီက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်း လမ်းမိုင် နှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါတွင် စုစုပေါင်း လမ်းမိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ မော်တော်ကားလမ်းများနှင့်အတူ တံတားပေါင်းများစွာကိုလည်း တည်ဆောက်ပေးခဲ့ရာတွင် ယခု တည်ဆောက်ဆဲ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(မလွန်)တို့အပါအဝင် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆောက်လုပ်ရေး

ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ခုတ်မောင်းပြေးဆွဲစဉ်။ (သတင်းစဉ်)

အလွယ်တကူဆက်သွယ် သွားလာနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နေရာဒေသက ဒေသခံပြည်သူများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေးလာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံများ တိုးတက်လာစေရန် ဆိုသော စိတ်ရင်းစေတနာအမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။**

တန်းတူရည်တူ

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်း ပြည်ပ အနှောင့်အယှက် အဟန့်အတား၊ အနှောင့်အယှက် အမျိုးမျိုးကို ကျော်လွှားပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

ပြည်တွင်းအားသည် ပြည်တွင်းမှာပင် ရှိကြောင်း၊ သူတစ်ပါးအပေါ်

၏ စွမ်းရည်များနှင့် ပေါင်းစပ်ပြီး မိမိတို့တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားတိုင်း အလုပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အနေနဲ့ **ဤရထားလမ်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းအဖြစ် ခံယူပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ သာယာဝပြော တိုးတက်မြင့်မားလာအောင် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန်၊ ဤရထားလမ်းကြီး သားစဉ်မြေးဆက်တိုင် အသုံးချနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်** ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ မြစ်ချောင်းများ၊ တောင်တန်းကြီးများသည် မြောက်နှင့်

လူမှုရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ကောင်းမွန်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပုသိမ်-မုံရွာ ကားလမ်းမကြီး

ဤသို့ မတူခြားနားသည့် အခြေအနေများကို တန်းတူညီတူ၊ သာတူညီမျှ ဖြစ်စေလိုသည့် တပ်မတော်အစိုးရ လက်ထက်တွင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီအနောက်ဘက်ခြမ်းနှင့် အရှေ့ခြမ်းတို့ ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီမြစ်ကူးတံတားကြီးများနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးတို့ကို ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ယခင်ဖောက်လုပ်ပြီးသား ပုသိမ်မှ ကြံခင်းအထိရှိနေသည့် ရထားလမ်းကို ကြံခင်းမှ ပခုက္ကူအထိ ဆက်လက် ဖောက်လုပ်ပေးခြင်းဖြင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိက ပင်မရထားလမ်းမကြီးအဖြစ် အကောင်အထည်ပေါ်လာပြီး ပုသိမ်မှ ကြံခင်း-ပခုက္ကူ-ကလေး၊ မန္တလေး-မြစ်ကြီးနား အစရှိသည်ဖြင့် ဖောက်လုပ်ပြီးသား ရထားလမ်းများနှင့် ဆက်စပ်ကာ တစ်မြို့နှင့်တစ်မြို့ အပြန်အလှန် ရထားဖြင့် သွားလာနိုင်စေရန် စီမံဆောင်ရွက်ခဲ့ကြောင်း။

အခွန့်ရှည်တည်တံ့

ဤရထားလမ်းပိုင်းကို ၁၉-၇-၂၀၀၇ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် သုံးနှစ်တာကာလအတွင်း အချိန်တိုတိုဖြင့် နေ့၊ ညမအား ဖောက်လုပ် ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာမီးရထား ဝန်ထမ်းများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ဤရထားလမ်း အခွန့်ရှည် တည်တံ့ခိုင်မြဲရေး

အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည် ၂၂ ဒသမ ဝ၀မိုင်ရှိသည့် ဆိပ်ဖြူ-ယောချောင်းရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနား ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက **"ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေး အခြေအနေ တန်းတူညီတူ ဖြစ်စေရန် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင် ဖောက်လုပ်ပြီးဖြစ်တဲ့ ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိ သွားရောက်နိုင်မှာဖြစ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း။

ကြံခင်း-ပခုက္ကူ ရထားလမ်း

အဆိုပါ လမ်းညွှန်ချက်နှင့်အညီ ကြံခင်း-ပခုက္ကူရထားလမ်း မိုင် ၃၂၀ ကို ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀ စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်းတွင် အပိုင်းလိုက် ဖောက်လုပ်ခဲ့သည့် ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်း ၃၈မိုင်ကို ၁-၃-၂၀၀၈ရက်နေ့တွင် လည်းကောင်း၊ ဥသျှစ်ပင်-ကံမ လမ်းပိုင်း ၃၅မိုင်ကို ၂၂-၃-၂၀၀၉ရက်နေ့တွင်လည်းကောင်း၊ ကံမ-သရက် လမ်းပိုင်း ၃၅မိုင်ကို ၁၇-၁၀-၂၀၀၉ ရက်နေ့တွင် လည်းကောင်း၊ သရက်-

ပွင့်ဖြူ လမ်းပိုင်းတွင် သရက်-မင်းလှ လမ်းပိုင်း ၅၂ ဒသမ ၇၀မိုင်ကို ၁၄-၃-၂၀၁၀ရက်နေ့တွင် လည်းကောင်း၊ ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်းတွင် ပခုက္ကူ-ကျွန်းချောင်း လမ်းပိုင်း ၂၇မိုင်ကို ၂၀-၁၁-၂၀၀၉ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ ပွင့်ဖြူ-ပခုက္ကူအပိုင်းမှ ဆိပ်ဖြူ-ယောချောင်းလမ်းပိုင်း ၂၂ ဒသမ ဝ၀မိုင်ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆိပ်ဖြူ-ယောချောင်းလမ်းပိုင်းကို ၁၉-၅-၂၀၀၇ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီး၊ ငယ်ပေါင်း ၅၄စင်း၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ၉ဒီဂရီနှင့် ကွေ့ပေါင်း ၃၆ကွေ့၊ အများဆုံး

ဆင်ခြေလျှော ၁း၁၀၀ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဖောက်လုပ်ရန်ရှိနေသေးသည့် လမ်းပိုင်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖောက်လုပ် ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နေပြည်တော်ကိုဗဟိုပြု၍ ဒေသအသီးသီးသို့ ရထားလမ်းဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်၊ နေပြည်တော်-ချောက် ရထားများ ပြေးဆွဲပေးနိုင်ခဲ့ပြီး ဖြစ်သည့်အပြင် နေပြည်တော်မှ ကယားပြည်နယ်သို့

ပြည်ထောင်စုမြန်...
တကာနှင့် တန်းတူ...
အောင် ပြည်တွင်းပြ...
အတား၊ အနှောင့်အ...
ပြီး အစိုးရ၊ ပြည်သူ...
ညီညွတ်မှုစွမ်းအားဖြ...
အကောင်အထည်ဖေ...

ပွင့်ဖြူ လမ်းပိုင်းတွင် သရက်-မင်းလှ လမ်းပိုင်း ၅၂ ဒသမ ၇၀မိုင်ကို ၁၄-၃-၂၀၁၀ရက်နေ့တွင် လည်းကောင်း၊ ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်းတွင် ပခုက္ကူ-ကျွန်းချောင်း လမ်းပိုင်း ၂၇မိုင်ကို ၂၀-၁၁-၂၀၀၉ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ ပွင့်ဖြူ-ပခုက္ကူအပိုင်းမှ ဆိပ်ဖြူ-ယောချောင်းလမ်းပိုင်း ၂၂ ဒသမ ၀၀မိုင်ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆိပ်ဖြူ-ယောချောင်းလမ်းပိုင်းကို ၁၉-၅-၂၀၀၇ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီး၊ ငယ် ပေါင်း ၅၄စင်း၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ၉ဒီဂရီနှင့် ကွေ့ပေါင်း ၃၆ကွေ့၊ အများဆုံး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆင်ခြေလျှော ၁း၁၀၀ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဖောက်လုပ်ရန်ရှိနေသေးသည့် လမ်းပိုင်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖောက်လုပ် ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နေပြည်တော်ကိုဗဟိုပြု၍ ဒေသအသီးသီးသို့ ရထားလမ်းဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လှိုင်ကော်၊ နေပြည်တော်-ချောက် ရထားများ ပြေးဆွဲပေးနိုင်ခဲ့ပြီး ဖြစ်သည့်အပြင် နေပြည်တော်မှ ကယားပြည်နယ်သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုက်ရိုက်သွားလာနိုင်ရန် နေပြည်တော်-တပ်ကုန်း-ပင်လောင်း လမ်းပိုင်း အရှည် ၁၀၅မိုင် ရထားလမ်းကို ယခုနှစ် မေလ ၁၃ရက်နေ့က စတင်ဖောက်လုပ်နေပြီ ဖြစ်ကြောင်း။

ပခုက္ကူ-ကလေး ရထားလမ်း

ဤ ''ကြခင်း-ပခုက္ကူ'' ရထားလမ်းကို ဖောက်လုပ်ပြီးစီးပြီဆိုလျှင် မူလက ရှိပြီးဖြစ်သည့် ပုသိမ်-ကြခင်း ရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းများနှင့် ဆက်မိသွားပြီး ပုသိမ်မှ ကလေးအထိ ရထားဖြင့်သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ပခုက္ကူမှတစ်ဆင့် မန္တလေး၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားအထိ သွားလာနိုင်မည်လည်း ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ-

(၁) မိုးတားကြီး - ဇန်းမော် ရထားလမ်း ၈၁ ဒသမ ၃၂မိုင်

(၂) မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆မိုင်

(၃) ထားဝယ်-မြိတ်ရထားလမ်း ၁၃၂ ဒသမ ၅၀ မိုင်

(၄) မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း ၂၄၅ ဒသမ ၅၄မိုင်

(၅) ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၉မိုင်

(၆) ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်း မိုင် ၁၂၀

(၇) ဟင်္သာတ - ညောင်တုန်း ရထားလမ်း ၄၈မိုင်

(၈) မင်းလှ - ဆိပ်ဖြူ - ယောချောင်း-ကျွန်းချောင်း ၉၈ ဒသမ ၃၀ မိုင်

(၉) ရွာတော်-ကန်ပြား ရထားလမ်း ၆၅ ဒသမ ၂၀ မိုင်

(၁၀) နေပြည်တော်-တပ်ကုန်း-ပင်လောင်း ၁၀၅မိုင်တို့ကို

ဆက်လက် ဖောက်လုပ်နေဆဲ ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေနဲ့ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စတဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ ဦးတင်စိုးက ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူဘူတာရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။



စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ရထားဖြင့်လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်လိုက်သည့် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် မေ ၁၉ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်အရှည်မှာ ၂၂မိုင်ရှိသည်။ လမ်းခရီးတွင် ပေ ၁၈၀ အထက် တံတားတစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၅၃စင်း စုစုပေါင်း တံတား ၅၄စင်းကို တည်ဆောက်ထားသည်။

အခမဲ့ပြေးဆွဲပေးမည်

လမ်းပိုင်းတစ်လျှောက် ဘူတာခြောက်ဘူတာ တည်ဆောက်ထားပြီး ရထားခရီးစဉ်ကို ဇွန် ၁၃ရက်မှစ၍ သုံးရက် အခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရေအောင် ပြည်တွင်းပြည်ပ အနှောင့်အယှက် အဟန့်အတား၊ အနှောင့်အယှက်အမျိုးမျိုးကို ကျော်လွှားပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်။

ကြခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

ကမ္ဘာ့နိုင်ငံအားလုံးတွင် ခေတ်မီသော ဆေးကုသစနစ်များ တိုးတက်ဖြစ်ထွန်းလာခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့ကြောင့် ဆေးကုသရာတွင် အသုံးပြုရသော သွေးလိုအပ်မှုပမာဏမှာ ပိုမိုများပြားလာပါသည်။ အရှေ့တောင်အာရှဒေသတွင် နှစ်စဉ်ကြက်နှ့ တိုင်း၌ လူတစ်ဦးကျ သွေးသွင်းကုသရန် လိုအပ်နေ၍ သွေးလှူဒါန်းမှု နေ့စဉ်(၃၈၀၀၀)ကျော်မျှ လိုအပ်လျက်ရှိပါသည်။

၂၀၀၅ခုနှစ်တွင် အရှေ့တောင်အာရှဒေသတွင်း၌ သွေးပုလင်းပေါင်း ၉ ဒသမ ၅ သန်းခန့် စုဆောင်းခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရှိရပါသည်။

ပညာရှင်များက လူသားများအားလုံးသည် မိမိတို့သွေးကို လှူဒါန်းရန်လိုအပ်ကြောင်း သတိမပြုမိ၍သာ သွေးလှူဒါန်းမှုမပြုကြခြင်းဖြစ်ကြောင်း သုံးသပ်ကြပါသည်။

သွေးလှူဒါန်းနေသူများလည်း သူတစ်ပါးကို ကူညီလိုသည့်ဆန္ဒကြောင့်သာ သွေးလှူနေကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိမိတို့ သွေးတစ်စက်သည် အမှန်တကယ် သွေးလိုအပ်နေသူ လူနာများအတွက် အသက်ကယ်လိုက်နိုင်ကြောင်း သတိပြုမိပါက စေတနာအလျောက် သွေးလှူဒါန်းမှုကို ယခုထက်ပိုမိုပြုမူကြမည်မှာ ဧကန်မုချဖြစ်ပါသည်။

ထို့ကြောင့် လူနာများလိုအပ်သောသွေးကို အချိန်မီ လုံလုံလောက်လောက် ရရှိစေရန် စေတနာအလျောက် လှူဒါန်းနေသည့် သွေးလှူရှင်များ ပိုမိုများပြားလာရန် နိုင်ငံတိုင်း ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတစ်နိုင်ငံချင်း ဆောင်ရွက်ခြင်းထက် တစ်ကမ္ဘာလုံး စည်းစည်းလုံးလုံး နှိုးဆော်ပေးခြင်းက ပိုမိုထိရောက်မည်ဟု ယူဆကြပါသည်။ World Health Organization, International Federation of Red Cross and Red Crescent Societies(RFRC),the International Federation of blood donor organization (IFBDO)and the International Society of Blood Transfusion

ဒေါက်တာသီတာအောင် (အမျိုးသားသွေးဌာန)

(ISBT) စသည့် အဖွဲ့အစည်းတို့ပူးပေါင်း၍ စေတနာသွေးလှူရှင်စနစ် ပိုမိုတိုးပွားလာရေးကို ဦးတည်ဆော်ဩပေးမည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကမ္ဘာတစ်ဝန်းကျင်းပခြင်းဖြစ်ပါသည်။

ယခုနှစ် ၂၀၁၀ခုနှစ်တွင် The International Federation of Blood Donor Organization (IFBDO)မှ အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တာဝန်ယူဆက်သွယ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ၂၀၁၀ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများမှ စွမ်းဆောင်နိုင်ခဲ့သော ရလဒ်မှာ နှစ်စဉ်သွေးလှူရှင်များ သိသိသာသာတိုးတက်လာကြောင်း တွေ့ရှိရခြင်းဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်တွင် စေတနာသွေးလှူရှင် ၁၀၀ရာခိုင်နှုန်းက ထောက်ပံ့မှုရရှိနေသော တိုင်းပြည်ပေါင်း ၃၉နိုင်ငံမှပင် ယခုအခါ ၅၇ နိုင်ငံအထိ တိုးတက်လာကြောင်း တွေ့ရှိရခြင်းသည် သိသာသော အညွှန်းကိန်းတစ်ခုပင် ဖြစ်နေပေသည်။

သွေးသွင်းကုသမှုများတွင် အသုံးပြုမည့်သွေးသည် စေတနာသွေးလှူရှင်များထံမှ ၁၀၀ ရာခိုင်နှုန်း လှူဒါန်းထားသော သွေးသာဖြစ်ရမည်ဟု တာဝန်ယူထားသော နိုင်ငံများတွင် ယခုအခါ ပုံမှန်ပြန်လည် လှူဒါန်းနေသော သွေးလှူရှင်များ၏ အသက်များမှာ (၆၀) နီးလာပြီဖြစ်၍ ငယ်ရွယ်သော မျိုးဆက်သစ်လူငယ်များ၏ လက်ဆင့်ကမ်းထောက်ပံ့မှုမှာ အမှန်တကယ် လိုအပ်နေပါသည်။

ထို့ကြောင့် ယခုနှစ်တွင် သွေးလှူဒါန်းနိုင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုကို တိုက်တွန်းပေးသော အစီအစဉ်များ၊ လှုပ်ရှားမှုများကို ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အသက် (၁၈) နှစ်မှ (၆၀)နှစ်အတွင်း လှူဒါန်းနေသော သွေးလှူသူများအနက်မှ (၁၈)နှစ်မှ (၂၉) နှစ်အတွင်းရှိလူငယ်များ ပါဝင်လှူဒါန်းမှုမှာ အမျိုးအစားအလိုက် နှစ်စဉ်တိုးတက်လာကြောင်း အစီရင်ခံစာမှတ်တမ်းများအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

စဉ်	အမျိုးအစား	၂၀၀၅	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉
၁	စုပေါင်းသွေးလှူခြင်း	၄၈%	၅၄%	၅၇%	၆၀%	၆၁%
၂	စေတနာအလျောက် သွေးလှူခြင်း	၄၇%	၅၂%	၅၆%	၅၈%	၆၀%
၃	အရေးပေါ်သွေးလှူခြင်း	၅၁%	၅၄%	၆၂%	၆၅%	၆၇%
၄	ပထမအကြိမ်သွေးလှူခြင်း	၆၆%	၆၇%	၆၉%	၇၀%	၇၂%
၅	ပြန်လည်သွေးလှူခြင်း	၃၃%	၄၀%	၄၆%	၅၁%	၅၃%

ယခုနှစ်တွင် မြန်မာနိုင်ငံအတွင်း လူငယ်များဦးဆောင်စည်းရုံးလာသော သွေးလှူဒါန်းပွဲများ ပိုမိုတိုးတက်လာကြောင်း သတင်းမှတ်တမ်းများအရ တွေ့ရှိရပါသည်။ အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်နည်းပညာကောလိပ်၊ လှိုင်သာယာ နည်းပညာကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်၊ သန်လျင်သမဝါယမဒီဂရီကောလိပ်၊ မှော်ဘီနည်းပညာကောလိပ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် စသည့် တက္ကသိုလ်/ ကောလိပ်များအပြင် Raven, Yangon International College, Online Friends၊ ရင်ခုန်သံ၊ ပုညသင်္ဂဟစသည်တို့မှာ လူငယ်များဦးဆောင်သော သွေးလှူရှင်အဖွဲ့များဖြစ်ပါသည်။

ယင်းသွေးလှူရှင်လူငယ်များ စုဆောင်းရာတွင် လိုအပ်သော အထောက်အပံ့များကို လှူဒါန်းပေးလျက်ရှိသော အလှူရှင်များဖြစ်သည့် စန္ဒီပရဆေးမိသားစု၊ ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့၊ မြန်မာဘရူဝါရီလီမိတက်၊ ရွှေပါရမီအဖွဲ့၊ ဖြူစင်မေတ္တာသွေးလှူရှင်အဖွဲ့များ စသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အကျိုးရှိလှပါသည်။

၎င်းလူငယ်ကလေးများ၏ ဆောင်ရွက်မှုများသည် သွေးလိုအပ်မှုကို ဖြည့်တင်းပေးရုံသာမက လူငယ်အချင်းချင်း စည်းရုံးနိုင်စွမ်းရှိခြင်း၊ လူငယ်အချင်းချင်းအကြား ညှိနှိုင်းစေ့စပ်ဆောင်ရွက်နိုင်ခြင်း၊ လူငယ်များ၏ သွေးများကို လူနာများအတွက် ကူညီလိုသောစိတ်ဓာတ် မွေးမြူလာစေခြင်း၊ မိမိကိုယ်တိုင် ကျန်းမာရေးကောင်းမွန်စေရန် အသိရှိစွာ စောင့်ရှောက်နိုင်စွမ်းရှိလာစေခြင်း၊ ရောဂါပိုးများ ကူးစက်နိုင်သည့် အနေအထိုင် အပြုအမူများ (ဥပမာ - လိင်အပျော်အပါးလိုက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း) စသည်ကို ရှောင်ကြဉ်တတ်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာသဖြင့် မိဘများ၊ မိသားစုများအတွက်လည်းကောင်း နိုင်ငံနှင့်လူမျိုးအတွက်လည်းကောင်း တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများ ရရှိလာပါသည်။ ယင်းကဲ့သို့ ငယ်စဉ်ကတည်းက အများအကျိုးသယ်ပိုးရန် မိမိတို့၏ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်သော သွေးလှူရှင်မျိုးဆက်သစ်လူငယ်များ မြောက်မြားစွာ ပေါ်ထွန်းနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် ဇွန်လ ၁၄ ရက်နေ့ ကမ္ဘာ့သွေးလှူရှင်များနေ့ ဦးတည်ချက်ဖြစ်သော **"လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်"** ဆောင်ပုဒ်အတိုင်း လူငယ်လေးများ သွေးလှူဒါန်းခြင်းတွင် သွေးသန့်အောင် ပူးပေါင်းဆောင်ရွက်မှုသည် သွေးလိုအပ်နေသော လူများအတွက်သာမက အနာဂတ်လူ့ဘောင်အတွက်ပါ အကျိုးများစေမည့် မွန်မြတ်သော လုပ်ငန်းဖြစ်၍ သွေးသန့်လှူဒါန်းရေး လုပ်ငန်းတွင်လူငယ်များ ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဆလိုဗေးနီးယားတို့ အုပ်စု(ဂ)၌ စတင်ဦးဆောင်နိုင် ဂါနာတို့ ပထမဆုံးအနိုင်ရသော အာဖရိကအသင်းဖြစ်လာ

မြင့်မောင်စိုး-စုစည်းရေးသားသည် ― စာမျက်နှာဖွဲ့စည်းမှု- ခင်သန္တာသိန်း(မြန်မာ့အလင်း)

ဂျိုဟန်နစ္စဘတ် ဇွန် ၁၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဂ)ပြိုင်ပွဲအဖြစ် အယ်လ်ဂျီးရီးယားနှင့် ဆလိုဗေးနီးယားတို့သည် ပိုလော့ဝိန်းမြို့ ပီတာမိုကာဘာ ကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆလိုဗေးနီးယားက အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ပြီး အယ်လ်ဂျီးရီးယားအသင်းက အဖြူရောင်ဝတ်စုံဝတ်ဆင်လျက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ကွင်းအတွင်း အယ်လ်ဂျီးရီးယားပရိသတ်များ၊ ဆလိုဗေးနီးယား ပရိသတ်များအပြင် တောင်အာဖရိကနှင့် ကမ္ဘာတစ်ဝန်းမှ ပရိသတ်ထောင်ပေါင်းများစွာတို့က လေးဖက်လေးတန် ကွင်းလုံးပြည့်မျှ အားပေးကြည့်ရှုခဲ့ကြသည်။

ပွဲစသည်နှင့် အပြန်အလှန် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့သည်။ သို့သော် တိုက်စစ်ထက်ခံစစ်ကို ဦးစားပေးကစားခဲ့ကြခြင်းကြောင့် ပထမပိုင်းပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးအဖြေမထွက်ခဲ့ပေ။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ဆလိုဗေးနီးယားအသင်းက ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် အယ်လ်ဂျီးရီးယား နောက်တန်းကို တိုက်စစ် အရှိန်မြင့် ထိုးဖောက်ကစားလာသည်။ ဆလိုဗေးနီးယား တိုက်စစ်မှူးများ၏ အရှိန်မြင့် ထိုးဖောက်ကစားစဉ် ပွဲချိန် ၇၃ မိနစ်တွင် အယ်လ်ဂျီးရီးယား ကစားသမား ဂျက်ဇယ် ဘောလုံးကို လက်နှင့်ထိကိုင်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီးက နှစ်ဝါတစ်နီပြပြီး ထုတ်ပယ်ခဲ့သည်။

ဖိကစား

ဆလိုဗေးနီးယားတို့ ကစားသမား တစ်ဦးလျော့သွားသော အယ်လ်ဂျီးရီးယား

ဂါနာအသင်းမှ ဒီဘီအာယောဇ်၏ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားမှုကို ဤသို့ တွေ့ရသည်။

ဘက်သို့ ထိုးဖောက်တိုက်စစ်အား ပိုကောင်းလာသည်။ ပွဲပြီးရန် ၁၁မိနစ်အလိုတွင် ဝက်စ်ဘရွန်း ကွင်းလယ်ကစားသမားဟောင်း ရောဘတ်ကိုရင်က ကိုက် ၂၀အကွာမှ ကန်သွင်းရာ အယ်လ်ဂျီးရီးယား ဂိုးသမား ချာအိုအူချီ၏ ဝဲဘက်ထောင့်ထဲသို့တန်း၍ ဂိုးဝင်သွားခဲ့သည်။ ယင်းဂိုးကြောင့် ဆလိုဗေးနီးယားကစားသမားများ အယ်လ်ဂျီးရီးယား နောက်တန်းကို ပွဲပြီးသည်အထိ ဖိကစားနိုင်ခဲ့သည်။

ဆလိုဗေးနီးယားတို့ ယင်းအနိုင်ပွဲရလိုက်သဖြင့် အုပ်စု(ဂ)တွင် အင်္ဂလန်နှင့် အမေရိကန် အသင်းကိုပါ ရမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အင်္ဂလန်နှင့်အမေရိကန်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သဖြင့် တစ်မှတ်စီသာ ခွဲဝေယူနိုင်ခဲ့ကြသည်။

အုပ်စု(ဃ)

အာဖရိကတွင် ရေပန်းစားနေသော ဂါနာအသင်းနှင့် ဆားဗီးယားအသင်းတို့သည် အုပ်စု(ဃ) ပြိုင်ပွဲအဖြစ် ပရီတိုးရီးယားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆားဗီးယားအသင်းတွင် လူကိုဗစ်၊ အီဗန်နိုဗစ်၊ ဗီဒစ်၊ ဂျိုယန်နိုဗစ် အစရှိသော နာမည်ကြီးကစားသမားများ ပါဝင်ကစားခဲ့သည်။ ဆားဗီးယားအသင်း ကစားသမားများသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ဂါနာအသင်းတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံမပါဝင်နိုင်သော်လည်း ရစ်ချက်ကင်ဆန်၊ အာဆာမို့ချ် ရိုင်ယန်၊ ပရင့်စ်တာဂိုး၊ ဂျွန်မန်ဆက်၊ အန်ထော်နီအာနန်အစရှိသော ကစားသမားများ ပါဝင်ကစားခဲ့သည်။ ဂါနာအသင်းကစားသမားများသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ကစားခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အာဂျင်တီးနားဒိုင် ဘဲဒ်ဒက်ဆီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အကြိတ်အနယ်

အာဖရိက စိန်မည်းများဟု တင်စားခေါ်ဝေါ်ကြသည့် ဂါနာအသင်းသည် သူ့မြေ၊ သူ့ရေ၊ သူ့ပရိသတ်ရှေ့မှောက်၌ ပထမဆုံးသော အနိုင်ရသည့် အာဖရိကအသင်း ဖြစ်လာစေရန် ပွဲစသည်နှင့် အကြိတ်အနယ် ကြိုးစားယှဉ်ပြိုင်ခဲ့သည်။

ထို့အတူ ဆားဗီးယားအသင်းကလည်း ဥရောပကလပ်များတွင် ခြေစွမ်းပြကစားနေသော ကစားသမားများပါဝင်သဖြင့် မာမာတင်းတင်း ကစားခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

စုဆောင်းနိုင်

နှစ်သင်းစလုံး တိုက်စစ်အားကောင်းခဲ့သော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ သို့သော် ပွဲချိန် ၇၃မိနစ်တွင် ဆားဗီးယားကစားသမား လူကိုဗစ်က ဂါနာကစားသမား အာဆာမို့ချ်ရိုင်ယန်အား အင်္ကျီဆွဲထား၍ ဒိုင်လူကြီးက နှစ်ဝါတစ်နီပြပြီး ထုတ်ပယ်ခဲ့သည်။ ပွဲချိန် ၈၃မိနစ်တွင် ဆားဗီးယားကစားသမား ကုဇ်မန်နိုဗစ်သည် ဂိုးဧရိယာအတွင်း လက်ထိခဲ့သဖြင့် ဂါနာအသင်းကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို အာဆာမို့ချ်ရိုင်ယန်ကန်သွင်းယူခဲ့သဖြင့် ဂါနာတို့ ရမှတ်သုံးမှတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ကိုးကား-အင်တာနက်

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းတင်ပြသည်

နိုင်ဂျီးရီးယားတို့ ကွင်းလယ်ဒိုင်လူကြီးကိုဝေဖန်

ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်၌ အာဂျင်တီးနားကိုရှုံးခဲ့သည့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး၏ဆုံးဖြတ်ချက်များလွဲမှားခဲ့သဖြင့် မိမိတို့ကျေနပ်မှုမရှိကြောင်း နိုင်ဂျီးရီးယား ကစားသမားများဖြစ်သော ယာကူဘူ၊ အိုဘင်နာနှင့် အသင်းခေါင်းဆောင် ယိုဘိုတို့က ပွဲအပြီး သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဒရော့ဘာ ထပ်မံဆေးကုသခံနေရပြန်

လက်ဖျံရိုးကျိုးခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူထားရသော အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာသည် ပုံမှန်လေ့ကျင့်မှုမပြုလုပ်နိုင်ဘဲ ဇွန် ၁၃ရက်၌ ထပ်မံဆေးကုသမှု ခံယူနေရကြောင်း အိုင်ဗရီကို့စ်အသင်းမှ တာဝန်ရှိသူများက ဇွန် ၁၃ရက်၌ ပြောကြားသည်။

ဘောလုံးကွင်းအနီး ရုပ်/သံကြည့်ရှုမှုပိတ်ပင်

တောင်အာဖရိကနိုင်ငံရှိ ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပရာကွင်းများအနီး ရုပ်မြင်သံကြားများဖွင့်ကာ ဘောလုံးပွဲကြည့်ရှုသည့် ပရိသတ်များ၏ အော်ဟစ်ဆူညံမှုများသည် ကွင်းအတွင်း ဒိုင်လူကြီးများနှင့်ကစားသမားများအား အနှောင့်အယှက်ဖြစ်စေသဖြင့် ဇွန် ၁၃ရက်မှစ၍ ကြည့်ရှုခွင့်ပိတ်ပင်လိုက်ကြောင်း တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

နောက်ထပ်ပွဲများ ရလဒ်ကောင်းမည်ဟု ဂျရတ်ပြောကြား

အင်္ဂလန်အသင်းသည် အမေရိကန်အသင်းနှင့် ကမ္ဘာ့ဖလားဘောလုံးပွဲ အဖွင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း နောက်ပွဲများ၌ ရလဒ်ကောင်းအောင် ကစားမည်ဖြစ်ပြီး ဂိုးများသွင်းယူနိုင်ရေးကြိုးစားသွားမည်ဟု အင်္ဂလန်အသင်း ခေါင်းဆောင် ဂျရတ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

အင်္ဂလန်နှင့်ပွဲ၌ တင်ဟောင်းဝပ် ပခုံးဒဏ်ရာရရှိခဲ့

အင်္ဂလန်နှင့် ကစားခဲ့သော ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အမေရိကန်ဂိုးသမား တင်ဟောင်းဝပ်သည် ပခုံးဒဏ်ရာရရှိခဲ့သဖြင့် နောက်ပွဲစဉ်၌ ပါဝင်ကစားနိုင်ရန် မသေချာကြောင်း အမေရိကန်အသင်းတာဝန်ရှိသူများက ဇွန် ၁၃ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အစကောင်းခဲ့ဟု ဂူတာလီပြောကြား

အင်္ဂလန်အသင်းကို တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့သော အမေရိကန်အသင်းသည် ကမ္ဘာ့ဖလားပွဲ၌ အစခရီးကောင်းခဲ့ပြီဖြစ်ကြောင်း အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂူတာလီက ဇွန် ၁၃ရက်၌ ထုတ်ဖော်ပြောကြားသည်။ ။ (အင်တာနက်)

စာရင်းစစ်ချုပ်ရုံး စုပေါင်းသွေးလှူဒါန်းပွဲ

စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၃

စာရင်းစစ်ချုပ်ရုံး သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ဦးဆောင်ကျင်းပသည့် စာရင်းစစ်ချုပ်ရုံး စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၈ ရက်က နေပြည်တော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကျင်းပရာ စာရင်းစစ်ချုပ်ဦးလွန်းမောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ တက်ရောက်အားပေးကြသည်။**(အပေါ်ပုံ)** အဆိုပါ သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် စာရင်းစစ်ချုပ်ရုံးဝန်ထမ်း ၂၄ ဦးတို့က ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၀ ၁၂။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ**(အပိုင်း-၃၇)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) **ဂျပန်-ကင်မရွန်း**

၁၅-၆-၂၀၁၀ ရက်နေ့ (အင်္ဂါနေ့)

၀၁း၀၀ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ(Live) **အီတလီ-ပါရာဂွေး**

Flight Attendant သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်(၂)ကို ဇွန်တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်းအသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academyတွင် ဇွန်တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်သည်။ **(သတင်းစဉ်)**

ချန်ပီယံလမ်းကြောင်းပေါ်ရောက်လာတဲ့ လက်ရှိချန်ပီယံ ရတနာပုံ F.C စတုတ္ထနေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ ရန်ကုန်ယူနိုက်တက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်   စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

မန္တလေး ဇွန် ၁၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၁၀)ကို မန္တလေးမြို့ရှိ ဗထူးအားကစားကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏ အားကစားကွင်းတို့တွင် ဇွန် ၁၂ရက်နှင့် ၁၃ရက်က ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ရတနာပုံနဲ့ မကွေး F.C၊ ရန်ကုန်ယူနိုက်တက်နဲ့ ဆောက်သမ်းမြန်မာတို့ နိုင်ပွဲဆက်ခဲ့ကြပါတယ်။

ဗထူးကွင်း

ရတနာပုံ-သုံးဂိုး   ဒယ်လ်တာယူနိုက်တက်-နှစ်ဂိုး

လက်ရှိ ချန်ပီယံ ရတနာပုံအသင်းဟာ ဒီပွဲအနိုင်ရရင် တတိယနေရာကနေတက်နိုင်မှာဖြစ်လို့ ကြိုးစားကစားသွားခဲ့ပါတယ်။ ဒါပေမယ့် ဒယ်လ်တာအသင်းရဲ့ ပွဲအစပိုင်းမှာ သွင်းယူခဲ့တဲ့ ဦးဆောင်ဂိုးနှစ်ဂိုးကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူး ရန်ပိုင်ရဲ့ ဂိုးနဲ့ အမှတ်ပြည့်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုပွဲ အနိုင်ရခဲ့တာကြောင့် ရတနာပုံအသင်းဟာ ထိပ်ဆုံးနေရာကို ရောက်ရှိသွားခဲ့ပြီး တနင်္လာနေ့ ကစားမယ့်ပွဲမှာ ဇေယျာရွှေမြေအသင်း နိုင်ပွဲရခဲ့ရင်တောင် ပထမအကျော့ အပြီးမှာ ဒုတိယနေရာရဖို့ သေချာသွားခဲ့ပြီ ဖြစ်ပါတယ်။

ဒဏ်ရာပြဿနာတွေကြောင့် မမျှော်လင့်တဲ့ပွဲတွေမှာ ရှုံးပွဲတွေကြုံတွေ့ခဲ့ရတဲ့ ဒယ်လ်တာအသင်းဟာ အခုပွဲကို သေချာပြင်ဆင်ပြီးကစားခဲ့ပါတယ်။ ရတနာပုံအသင်းကို ဗထူးကွင်းမှာ အနိုင်ကစားခဲ့ဖူးတဲ့ ဒယ်လ်တာအသင်းဟာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်မှာ ဒဏ်ရာက ပြန်ကောင်းလာတဲ့ မင်းမင်းသူက အဖွင့်ဂိုး စတင်သွင်းယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ဒယ်လ်တာဖိကစားသွားပြီး ၁၂မိနစ်မှာ တင်ဇော်မိုးက ဒုတိယဂိုး ထပ်သွင်းခဲ့ပါတယ်။

မမျှော်လင့်ဘဲ နှစ်ဂိုးဆက်ပေးလိုက်ရလို့ ရတနာပုံအသင်း တိုက်စစ်အား ပြန်တင်ပြီး ချေပဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ မိနစ် ၃၀မှာ ကျော်ခိုင်ဝင်းရဲ့ ချေပဂိုးတစ်ဂိုး ပြန်ရခဲ့တာကတော့ ရတနာပုံ ကစားပုံပိုကောင်းသွားပြီး ဒုတိယပိုင်းအတွက် အားတက်စေခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ရတနာပုံအသင်း ချေပဂိုးရဖို့ ကစားအား တောက်လျှောက်တင်သွားပြီး ၇၄ မိနစ်မှာ လူစားဝင်လာတဲ့ သက်နိုင်က ချေပဂိုး ပြန်သွင်းခဲ့ပါတယ်။ ရတနာပုံရဲ့ ချန်ပီယံ လမ်းကြောင်းပေါ်ရောက်ရှိစေမယ့် အနိုင်ဂိုးကိုတော့ နာကျင်အချိန်ပိုမှာ တိုက်စစ်မှူး ရန်ပိုင်ကသွင်းယူပေးခဲ့ပါတယ်။ ဒယ်လ်တာ အသင်းကစားပုံကောင်းပေမယ့် အနိုင်ကို မထိန်းနိုင်လို့ ရှုံးပွဲဆက်ခဲ့ရတာပါ။

သုဝဏ္ဏကွင်း

မကွေး-ငါးဂိုး   မနောမြေ-သုံးဂိုး

ပထမပိုင်းမှာ ကစားပုံ မကောင်းဘဲ မကွေး F.Cတို့ မနောမြေ F.Cကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနေပေမယ့် ဒုတိယပိုင်းမှာ လူစားလဲ မှန်ကန်မှုတွေနဲ့အတူ လေးဂိုးပြန်သွင်းကာ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ မကွေးအသင်းအတွက် အနိုင်ဂိုးတွေကို ဒုတိယပိုင်းအစမှာ လူစားဝင်လာတဲ့ စိုးမင်းနိုင်က ၄၆ မိနစ်၊ ၇၄ မိနစ်နဲ့ ၈၂ မိနစ်တို့မှာ သုံးဂိုး (ဟက်ထရစ်)သွင်းယူခဲ့ပြီး ၃၃မိနစ်မှာ ဟိန်းဇာအောင်နဲ့ ၄၈မိနစ်မှာ ချက်ဂူဇူတို့က တစ်ဂိုးစီ သွင်းယူခဲ့ပါတယ်။ ၃၁ မိနစ်မှာ ကျော်ဇေယျာဝင်း၊ ၄၄မိနစ်မှာ စိုးကိုကိုထွန်းတို့ရဲ့ ဂိုးတွေနဲ့ မနောမြေအသင်းဟာ ပထမပိုင်းမှာ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဂိုးတွေပြန်ပေးခဲ့ရပြီး ၈၅ မိနစ်မှာ မကွေးနောက်ခံလူ ကျော်ကျော်မျိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့လို့သာ ချေပဂိုး တစ်ဂိုးပြန်ရခဲ့တာ ဖြစ်ပါတယ်။

၁၃-၆-၂၀၁၀

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး   နေပြည်တော်-တစ်ဂိုး

အမှတ်ပေးဇယားထိပ်ဆုံးကအသင်းတွေနဲ့ အမှတ်မပြတ်ဘဲ ချန်ပီယံလမ်းကြောင်းမှာ ဆက်ရှိနေဖို့နဲ့ အောက်ကနေ အမှတ်မကွာဘဲ ဖိအားပေးနေတဲ့ အသင်းတွေကြောင့် ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲကို အမှားမခံခဲ့ပါဘူး။ ဒါပေမယ့် ဦးဆောင်ဂိုး စပေးလိုက်ရတာကြောင့် အနိုင်ရဖို့ ခက်ခက်ခဲခဲကစားခဲ့ရပြီး မိနစ် ၇၀မှာရတဲ့ အနိုင်ဂိုးနဲ့ ရန်ကုန်ယူနိုက်တက်တို့ စတုတ္ထနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ထားတဲ့ ရန်ကုန်အသင်းဟာ ပွဲအစမှာ နေပြည်တော်ကို အသာမရခဲ့ပါဘူး။ နောက်တန်းမှာ အသင်းခေါင်းဆောင်ဟန်ဆန်မပါတာကြောင့်လည်း ခံစစ်ပိုင်းအားပျော့နေခဲ့ပြီး နေပြည်တော်တိုက်စစ်မှူး အရှုနာကို မထိန်းနိုင်ခဲ့ပါဘူး။ အဲဒါကြောင့် ၂၄မိနစ်မှာ အရှုနာရဲ့ ဦးဆောင်ဂိုးသွင်းခြင်းကို ခံခဲ့ရပါတယ်။ ရန်ကုန်ယူနိုက်တက်တို့ ချေပဂိုးရဖို့ တရစပ်ကြိုးစားခဲ့ပြီး အဆုံးသတ်အားနည်းမှုတွေကြောင့် ၄၂မိနစ်ရတဲ့ ပယ်နယ်တီနဲ့ကျမှ ချေပဂိုးပြန်ရခဲ့ပါတယ်။ နိုင်ဦးလွင်ကြောင့် ရတဲ့ပယ်နယ်တီကို အဲရစ်ဆာကီက သွင်းယူခဲ့တာဖြစ်ပါတယ်။ ချေပဂိုးသွင်းယူခဲ့တဲ့ အဲရစ်ဆာကီဟာ ၅၂မိနစ်မှာ နှစ်ဝါ၊ တစ်နီနဲ့ အထုတ်ခံခဲ့ရတာကြောင့် ရန်ကုန်တို့ အနိုင်ရဖို့ရုန်းကန်ခဲ့ပါတယ်။ မိနစ် ၇၀မှာတော့ ရန်ကုန်အနိုင်ဂိုးရသွားပြီး ထောင့်ကန်ဘောကနေ ဌေးအောင်ခေါင်းတိုက်ချပေးတာကို ရန်အောင်ဝင်းက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ ၇၄မိနစ်မှာ နေပြည်တော်နောက်ခံလူ ထက်အောင် နှစ်ဝါ၊ တစ်နီနဲ့ အထုတ်ခံခဲ့ရပြီး ချေပဂိုးရဖို့ ပြန်ကြိုးစားခဲ့ပေမယ့် ရန်ကုန်နောက်တန်းထိန်းနိုင်ခဲ့ပါတယ်။

ဗထူးကွင်း

ဆောက်သမ်းမြန်မာ-ခြောက်ဂိုး   ဇွဲကပင်ယူနိုက်တက်-တစ်ဂိုး

ပထမအကျော့အပြီးမှာ အဆင့်(၅)နေရာမှာ ရပ်တည်နိုင်ဖို့ ဆောက်သမ်းတို့ အမှားမရှိခဲ့ပါဘူး။ အနိုင်ဂိုးတွေကို ဘီဂျိမ်းထွေးက ၇၃မိနစ်နဲ့ ၇၅မိနစ်မှာ နှစ်ဂိုး၊ သုံးမိနစ်မှာ မီဂျာကိုစစ်၊ ၂၆မိနစ်မှာ အောင်ရဲထွဋ်၊ ၂၈မိနစ်မှာ ရဲထွန်းနိုင်နဲ့ ၅၃မိနစ်မှာ ကလစ်ဖို့ဒ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပါတယ်။ ဇွဲကပင်အသင်းဟာ ပထမအကျော့မှာ ပွဲတိုင်းရှုံးခဲ့ပေမယ့် အခုပွဲမှာ ပထမဆုံးသွင်းဂိုးရခဲ့ပြီး ၅၉မိနစ်မှာ စောအောင်မျိုးက သွင်းယူခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဥသာယူနိုက်တက် - ဇေယျာရွှေမြေ

ရန်ကုန်ယူနိုက်တက်မှ တင်ဝင်းအောင်၏ ထိုးဖောက်မှုကို နေပြည်တော်နောက်ခံလူ ဖျက်ထုတ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့ဘောလုံးတိုးတက်ရေး ကမ္ဘာ့ဘောလုံးအဖွဲ့ ချုပ်ကူညီမည် မစ္စတာဆပ်ဘလတ္တာ ယခုနှစ်အတွင်းလာရောက်လည်ပတ်ရန်ကတိပြု

ရန်ကုန် ဇွန် ၁၃

တောင်အာဖရိကနိုင်ငံတွင် ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ် အထူးအစည်းအဝေးနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အကြိမ်(၆၀)မြောက် ကွန်ဂရက်အစည်းအဝေးများသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဇွန် ၈ရက် နံနက်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့ရှိ နယ်လ်ဆင်မန်ဒဲလ်လား စကွဲယားဟိုတယ်၌ ကမ္ဘာ့ဖလား ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာဆပ်ဘလတ္တာအား သီးခြားသွားရောက်တွေ့ဆုံ၍ မြန်မာ့ဘောလုံးရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

ဖိတ်ကြား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ရှိမြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပရော်ဖက်ရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍ အောင်မြင်ဖြစ်ထွန်းမှုများ၊ လူငယ်စီမံကိန်းများအပါအဝင် အမျိုးသမီးဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ချ ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Goal Project လုပ်ငန်းများနှင့် မြန်မာဘောလုံးအကယ်ဒမီ တည်ထောင်ဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြပြီး မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ကူညီပံ့ပိုးမှုမှာ အလွန်အရေးပါကြောင်းနှင့် ယခုထက် ပိုမိုပံ့ပိုးမှုများပေးအပ်ရန် တင်ပြဆွေးနွေးခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေအဖြင့် မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံသားအားလုံးမှာလည်း ဘောလုံးကို အလွန်ချစ်မြတ်နိုးစွာ တစ်ခဲနက်အားပေးလျက်ရှိပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကာ မစ္စတာဆပ်ဘလတ္တာကိုလည်း မြန်မာနိုင်ငံသို့လာရောက် လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

လာရောက်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာဆပ်ဘလတ္တာကလည်း ၎င်းအနေဖြင့် မြန်မာတို့၏ ဘောလုံးချစ်စိတ်ကို လေးစားပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ မြန်မာ့ဘောလုံးအပေါ် ပံ့ပိုးအားပေးနေမှုများကိုလည်း ချီးကျူးအသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပရော်ဖက်ရှင်နယ် ဘောလုံးပြိုင်ပွဲမှာလည်း အချိန်တိုအတွင်း အတိုင်းအတာတစ်ခုမက အောင်မြင်ဖြစ်ထွန်းနေခြင်းကို ဝမ်းသာချီးကျူးမိပါကြောင်း၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မြန်မာ့ဘောလုံးအတွက် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် စီစဉ်ထားပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

ရွှေရောင်အိပ်မက်ကို အကောင်အထည်စဖော်မည့် နယ်သာလန်

အာရှရဲ့ အောင်မြင်မှုကို ဂျပန်တို့ ဆက်ထိန်းနိုင်ပါ့မလား

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၃

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ အသင်းကြီးများ မျှော်လင့်ချက် အပြည့်အဝမရဘဲဖြစ်နေဆဲပင်....။ ယခုနှစ်၌ အသင်းငယ်များ ထူးထူးခြားခြား ခြေစွမ်းတက်လာလျက်ရှိရာ မျှော်လင့်မထားသည့်ရလဒ်များ ပေါ်ထွက်နေလျက်ရှိသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲများ၏ အစဉ်အလာအတိုင်း မှန်းဆထားသောရလဒ်များ ထွက်ပေါ်မလာသဖြင့် အသင်းကြီးများအတွက် ပွဲစဉ်တိုင်း အကြိတ်အနယ် ဖြတ်သန်းရမည့်အနေအထားနှင့် ကြုံတွေ့ရလျက်ရှိသည်။

ဇွန် ၁၄ရက် **(ယနေ့)**၌ အုပ်စု(င)မှ အသင်းများ ပထမဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအသင်းများ၏ အနေအထားကို ဖော်ပြရပါလျှင်-



ဂျပန်အသင်း အောင်မြင်မှုရရေး နာကာမူရာ ဂိုးသွင်းယူပေးနိုင်ပါ့မလား....။

နယ်သာလန်နှင့် ဒိန်းမတ်

အုပ်စု(င)၌ အုပ်စုမှ တက်ရန် ရေပန်းစားနေသည့် နှစ်သင်း ထိပ်တိုက်ဆုံတွေ့မှုပင် ဖြစ်သည်။ နယ်သာလန်တို့က နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်ရေး ရည်မှန်းချက်ထားနေသည်။ နယ်သာလန်အသင်းတွင် ရော်ဘင်ကြွခိုင်မှု အပြည့်ရှိနေပြီဖြစ်ရာ တိုက်စစ်အင်အား တောင့်တင်းသွားပြီဖြစ်သည်။ ထို့အပြင် ဗန်ပါစီ၊ ဟန်တယ်လာ၊ ဘာဘယ်၊ ဒရက်ကွတ်ဇ်တို့ကလည်း တစ်ဖက်အသင်းဂိုးဧရိယာအတွင်း ကြုံသလို ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ နယ်သာလန်တို့ တိုက်စစ်အားကောင်းနေသည်။ သို့သော် တစ်ဖက်အသင်း ခံစစ်မှူးများက မာမာတင်းတင်းကစားလျှင် ဂိုးသွင်းနိုင်မှု ပျက်သွားတတ်သည်ဖြစ်ရာ သတိထားရမည်ဖြစ်သည်။ နယ်သာလန်ကွင်းလယ်တွင် ဘွမ်မဲလ်၊ စနိုက်ဒါ၊ ဗန်ဒါဗတ်နှင့် ဒေဇွန်တို့အုပ်စုက တောင့်သည်။ ကွင်းလယ်ကို စီးထားနိုင်သည်။ ရှေ့၊ နောက် အဆင်းအတက် မြန်ဆန်သည်ဖြစ်ရာ ဒိန်းမတ်တို့ ကစားကွက်တည်မရ ဖြစ်သွားနိုင်သည်။ သို့သော် နယ်သာလန်နောက်တန်း၌ ခါလစ်၊ ဟေတင်ဂါနှင့် ဗန်ဒါဗတ်တို့က စိုးရိမ်ကြီးသူများဖြစ်ရာ ဒိန်းမတ်တိုက်စစ်မှူး သောမတ်ဆင်နှင့် လာဆင်တို့ အကြိုက်တွေ့သွားနိုင်သည်။

ဒိန်းမတ်တို့ စုဖွဲ့ထားမှုကလည်း မာကျောသည်။ တိုက်စစ်တွင် ဘင့်တနာ၊ လာဆင်တို့က နယ်သာလန်နောက်တန်းကို မွှေနှောက်နိုင်သူများဖြစ်သည်။ ကွင်းလယ်မှ ပေါလ်ဆင်၊ ဒင်းနစ်၊ ခါလန်ဘတ်တို့ကလည်း တိုက်စစ်ကို စတင်နိုင်သူများဖြစ်သည်။ သို့သော် နယ်သာလန်ထက် ကွင်းလယ်ဖန်တီးမှုပိုင်း အားနည်းချက်တွေ့ရှိနေသည်။ ခါလန်ဘတ်နှင့် ဒင်းနစ်တို့က ကွင်းလယ်မှ တစ်ဖက်တိုက်စစ်ကို ဟန့်တားမှု၌ ပီပြင်မှုမရှိချေ။ လျင်မြန်သော နယ်သာလန်တိုက်စစ်မှူးများကို ဖြတ်တောက်မှု မည်သို့ ပြုလုပ်နိုင်မည်ကို ကြည့်ရမည်ဖြစ်သည်။ ဒိန်းမတ်နောက်တန်းတွင် အက်ဂေါ၊ ကလိုအပ်၊ ဂျာကိုဆင်တို့က အထနေးသော်လည်း အမှားအယွင်းမရှိကြသဖြင့် နယ်သာလန်တို့ ခက်ခက်ခဲခဲ ထိုးဖောက်ရမည့် အနေအထားရှိသည်။ တစ်ဦးချင်းနှင့် အသင်းလိုက်အားတွင် နယ်သာလန်တို့ကို အကြိုက်တွေ့သော်လည်း ဒိန်းမတ်ကလည်း လျှော့တွက်၍မရ။ သို့သော် နယ်သာလန်တို့ အရေးသာနိုင်သည်ဟု သုံးသပ်မိသည်။

ဂျပန်နှင့် ကင်မရွန်း

အာရှမှ တောင်ကိုရီးယားတို့က ဂရိကိုအနိုင်ယူခဲ့သဖြင့် ဂျပန်တို့ကြိုးစားမှုစိတ်ဓာတ်ကို တွန်းပို့လိုက်သလိုဖြစ်ခဲ့သည်။ ကင်မရွန်းသည် အာဖရိက၌ ခြေစွာသော အသင်းဖြစ်သော်လည်း ဂျပန်တို့က စိတ်ဓာတ်မာကျောမှုနှင့် ကျော်လွှားရန်ကြိုးစားမည်ဖြစ်သည်။ ခြေစွမ်းပွဲရလဒ်များက အားရစရာမကောင်းသော်လည်း ဂျပန်ရှေ့တန်းတွင် အိုကိုဘို၊ ယာနိုနှင့် မိုရီမိုတိုတို့က အတွဲညီကြသည်။ အလယ်တန်းတွင် အားကိုးရသော နာကာမူရာ ကြံ့ခိုင်မှုကောင်းကောင်းဖြင့် ပါဝင်ကစားမည်ဖြစ်သဖြင့် မာကိုတိုနှင့် ဟွန်ဒါတို့နှင့် တွဲဖက်ကာ ဂျပန်ကစားကွက်ကို ပုံဖော်ပေးနိုင်မည်ဖြစ်သည်။ အားနည်းချက်ကား ဂျပန်နောက်တန်းပင်ဖြစ်သည်။ ဂျပန်နောက်တန်း ခံစစ်မှူးများက ခြေစမ်းပွဲတိုင်း၌ ဂိုးပေးခဲ့ရသည်က များနေသည်။

နယ်သာလန်တို့အတွက် နိုင်ပွဲရလဒ်ကို ရော်ဘင် စွမ်းဆောင်ပေးနိုင်မလား....။

နာကာဇာဝါ၊ တာနာကာ၊ ကိုဗာနိုနှင့် အူချီဒါတို့က တစ်ခါတစ်ရံ နားလည်မှုလွဲနေတတ်သည်။ အဝင်အထွက် တုံ့ဆိုင်းနေတတ်သည်။ ယင်းအားနည်းချက်ကို ကင်မရွန်းတိုက်စစ်မှူးများ အခွင့်အရေးယူသွားနိုင်သည်။

ကင်မရွန်းရှေ့တန်းတွင် အီတူးတို့အုပ်စုရှိနေသည်။ ဝီဘို၊ အဘူဘာကာ၊ အမ်ဘီရာတို့က ဂိုးဧရိယာအတွင်း အဝင်ရဲရဲဖြင့် ထိုးဖောက်ကစားတတ်သူများဖြစ်သည်။ ကွင်းလယ်တွင် အီမာရာ၊ မီယောင်၊ မာဘွန်တို့က တစ်ကွင်းလုံး မွှေနှောက်ကစားနိုင်ကြသူများဖြစ်ရာ ဂျပန်ကစားကွက်ကို ပျက်အောင် ဖန်တီးနိုင်စွမ်းရှိသည်။ တိုက်စစ်ကိုလိုက်ပါပြီး ဂိုးလည်းသွင်းနိုင်ကြသည်။ သို့သော် ကင်မရွန်းတို့ ခြေစမ်းပွဲရလဒ်များက အားရစရာ မကောင်းချေ။ တိုက်စစ်အားကောင်းသော်လည်း သွင်းဂိုးများများမရခဲ့။ တောင်အာဖရိက ကစားဟန်ကို အခြေကျကျ ကစားနိုင်နေပြီဖြစ်သည့် ဂျပန်အသင်းကို လွယ်လွယ်ကူကူ အောင်ပွဲခံနိုင်ဖို့တော့ မလွယ်ချေ။ ကင်မရွန်းဂိုးသမားများဖြစ်သည့် ရိုလန်၊ကာစီနီနှင့် ဟာမီဒူတို့က ဆုံးဖြတ်ချက်မြန်သူများမဟုတ်ရာ အနာခံပြီး ထိုးဖောက်ဂိုးသွင်းမည့် ဂျပန်တိုက်စစ်မှူးများ၏ ဂိုးသွင်းမှုကို မည်သို့ကာကွယ်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ထို့ကြောင့် ကင်မရွန်းနှင့် ဂျပန်တို့ပွဲစဉ်၌ ပါဝါပိုကောင်းသည့် ကင်မရွန်းနှင့် နည်းစနစ် အသုံးပြုကစားမည့် ဂျပန်တို့ အခွင့်အရေးဆတူရှိနေမည်ဟု ယူဆမိသည်။

အီတလီနှင့် ပါရာဂွေး

ကမ္ဘာ့ဖလားဘောလုံးပွဲ၏ အုပ်စု(ဇ) အဖွင့်ပွဲစဉ်အဖြစ် အီတလီနှင့်ပါရာဂွေးတို့ ဇွန် ၁၅ရက်၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အီတလီခြေစွမ်းကို ကြည့်ရမည့်ပွဲဖြစ်သည်။ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ အီတလီတို့ အကောင်းဆုံးကစားသမားများဖြင့် အဖွင့်ပွဲစဉ်၌ သုံးမှတ်အပြည့်ယူရန် ကြိုးစားမည်ဖြစ်သည်။ အီတလီ တိုက်စစ်တွင် နာတာလီ၊ ဂီလာဒီနို၊ အီယာကွင်တာ၊ ပါဇ်ိနီတို့က ဂိုးသွင်း သေချာသူများဖြစ်သည်။ တစ်ဖက်အသင်းနောက်တန်းကို ပါးပါးနပ်နပ် ထိုးဖောက်ဂိုးသွင်းနိုင်ကြသည်။ ထို့အပြင် ပီယာလို၊ ဂတ်တူဆို၊ ကာမိုရာစီနီနှင့် မာချေစီရိုတို့ကလည်း တိုက်စစ်မှူးများ ဂိုးသွင်းနိုင်ရန် အကောင်းဆုံး ပံ့ပိုးပေးနိုင်သူများ ဖြစ်သည်။ ခံစစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ပါရာဂွေးတို့ကို အသာစီးရအောင် ကစားရန်ကြိုးစားမည်ဖြစ်သည်။

တောင်အမေရိက၌ ခြေစွာလာသည့် ပါရာဂွေးတို့က အီတလီကိုရင်ဆိုင်ရန် ခြေစမ်းပွဲများကစားပြီး ကြိုတင်ပြင်ဆင်ခဲ့သည်။ ခြေစမ်းပွဲရလဒ်များက ကျေနပ်စရာကောင်းခဲ့သည်။ ပါရာဂွေးတွင် လူကပ်စ်၊ ကာဒိုဇို၊ ဆန်တာခရုဇ်နှင့် ဖာလ်ဒက်စ်တို့က အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်သူများဖြစ်သည်။ ၄း၄း၂ အခင်းအကျင်းဖြင့် ကစားမည်ဖြစ်ရာ အီတလီတို့ကို ဣန္ဒြေရစွာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။



အီတလီတို့ အနိုင်ပွဲနှင့် စတင်ရန် ဂတ်တူဆို မည်သို့ဖန်တီးပေးနိုင်မလဲ....။

ပါရာဂွေးတို့က အထနေးသော်လည်း အမှားအယွင်း နည်းစွာ ကစားတတ်သူများ ဖြစ်ကြသည်။ ပါရာဂွေးကို ဘရာဇီးတို့ပင် ခက်ခဲစွာ ကစားနေရပြီဖြစ်ရာ အီတလီတို့ မည်သို့အနိုင်ယူမည်ကို စောင့်ကြည့်ရမည်။ တစ်ဦးချင်း နှင့် အသင်းလိုက်စုစည်းမှုတွင် အီတလီတို့က သာလွန်သည်ဖြစ်သော်လည်း ပါရာဂွေးတို့ သရေရလဒ်ကို မျှော်လင့်နိုင်သကဲ့သို့ အီတလီတို့နိုင်လျှင်လည်း ပွတ်ကာသီကာပင်ဖြစ်မည်ဟု သုံးသပ်မိပါကြောင်း။ ။

ကိုးကား-အင်တာနက်

အင်္ဂလန်တို့ ဘင်သံမလွှမ်းမိုးနိုင်ခဲ့ ဂျုရတ်တစ်ဂိုးဖြင့် သရေပွဲရလဒ်လက်ခံခဲ့ရ

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၁၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၅)အဖြစ် အင်္ဂလန်နှင့် အမေရိကန်အသင်းတို့ ဇွန် ၁၃ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ အင်္ဂလန်တို့ အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ခဲ့သော်လည်း အမေရိကန်တို့က ပထမပိုင်း ပွဲချိန်အတွင်း၌ပင် ပြန်လည်ချေပခဲ့သဖြင့် တစ်ဂိုးစီသရေပွဲရလဒ်ဖြင့် ကျေနပ်ခဲ့ကြရသည်။

ပုံဖော်

ယခုနှစ် ကမ္ဘာ့ဖလား၌ မျှော်မှန်းချက်ကြီးကြီးထားနေသော အင်္ဂလန်အသင်းသည် ရွန်နေနှင့် ဟတ်စကီးတို့ တိုက်စစ်အားနှင့် ကွင်းလယ်၌ မီလာ၊ လမ်းပတ်၊ လင်နွန်နှင့် ဂျုရတ်တို့ ဖန်တီးမှုကိုရယူကာ နောက်တန်းတွင် ဂျွန်ဆင်၊ အက်ရှ်လေကိုးလ်၊ တယ်ရီနှင့် ကင်းတို့ကို ခံစစ်လုံလောက်အောင် တာဝန်ယူစေခဲ့သဖြင့် နည်းပြကာပယ်လိုက အကောင်းဆုံးကစားကွက်ကို ပုံဖော်စေရန် စီစဉ်ခဲ့သည်။

ထိန်းချုပ်

အမေရိကန်အသင်းကလည်း တိုက်စစ်တွင် ဒိုနိုဗန်၊ အယ်ဒီတိုတို့ကို အားပြုကာ ဒင်ပဆီ၊ ကလက်စ်၊ ဘလက်ဒ်လေတို့ဖြင့် ကွင်းလယ်မှဝိုင်းရံကာ အင်္ဂလန်တို့ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားဖြတ်တောက်စေခဲ့သည်။ နောက်တန်းတွင် အသင်းခေါင်းဆောင် ဘိုကာနေဂရာ ဦးဆောင်သော ခံစစ်မှူးများက အင်္ဂလန် တိုက်စစ်မှူး ရွန်နေကို စိတ်ကြိုက်လှုပ်ရှားခွင့်မရအောင် ထိန်းချုပ်ကစားစေခဲ့သည်။

အင်္ဂလန်နှင့် အမေရိကန်တို့ပွဲတွင် အင်္ဂလန် ကွင်းလယ်ကစားသမား ဂျုရတ် ဤသို့ ထိုးဖောက်ဂိုးသွင်းပါသော်လည်း ....။

ဂိုးသွင်းယူ

တောင်အာဖရိကနိုင်ငံ ဂူစတန်ဘတ်မြို့ ရွိုင်ရယ်ဘာဖိုကန်ဘောလုံးကွင်း၏ ပရိသတ် ၃၈၆၄၆ဦးရှေ့တွင် အင်္ဂလန်အသင်း ပွဲစတင်သည်နှင့် ဂိုးရရှိရေးကြိုးစားခဲ့ရာ အသင်းခေါင်းဆောင် ဂျုရတ်က ပွဲစတင်သည့်လေးမိနစ်၌ပင် အမေရိကန်နောက်ခံလူများ လိုက်လံဟန့်တားနေသည့်ကြားမှ ဂိုးသွင်းယူလိုက်သဖြင့် ယခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ပွဲငါးပွဲကစားပြီးချိန်အထိ အမြန်ဆုံးဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဟန့်တား

အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ဂိုးသွင်းနိုင်ရေးကြိုးစားသော်လည်း အမေရိကန်နောက်တန်းခံစစ်မှူးများက ရွန်နေကို နှစ်ဦး၊ သုံးဦး ထိန်းချုပ်ဟန့်တားနေသဖြင့် အပိုင်ဂိုးသွင်းခွင့် အခွင့်အရေး နည်းခဲ့သည်။ သို့သော် ရွန်နေနှင့်အတူ ဟတ်စကီးက အမေရိကန်နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသွင်းနိုင်ခွင့် ကြိုးစားခဲ့သော်လည်း ကန်ချက်များ အရာမထင်ခဲ့ချေ။

ချေပဂိုး

အင်္ဂလန်အသင်းတိုက်စစ်ကို ဟန့်တားရင်း အမေရိကန်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ မိနစ် ၄၀ ၌ အမေရိကန်ကစားသမား ဒင်ပဆီကန်သွင်းသည့် ဘောလုံးကို အင်္ဂလန်ဂိုးသမားဂရင်း လက်ထဲမှလွတ်ထွက်ပြီး ဂိုးဝင်သွားခဲ့သဖြင့် အမေရိကန်တို့ ချေပဂိုးရရှိသွားခဲ့သည်။

အစားထိုး

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်း အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားသည့် အနေဖြင့် ဟတ်စကီးအစား ခရောက်ချ်ကို ထည့်သွင်းကစားစေသော်လည်း တိုက်စစ်အား သိသာစွာ မတက်လာခဲ့ချေ။ အမေရိကန်တို့ကလည်း ရလဒ်ပြောင်းလဲစေရန် အယ်ဒီတိုအစား ဟိုလ်ဒင်ကို အစားထိုးကစားစေခဲ့သော်လည်း အင်္ဂလန်နောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။

ကန်သွင်းခွင့်

အင်္ဂလန်တို့က ဂိုးသွင်းခွင့် ၁၈ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း အမေရိကန်ဂိုးသမား တင်ဟောင်းဝပ် ငါးကြိမ် ကာကွယ်နိုင်ခဲ့သည်။ အမေရိကန်တို့က ဂိုးသွင်းခွင့် ၁၂ကြိမ်ရရှိခဲ့သည်။ အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ရာ အင်္ဂလန်ဂိုးသမား ဂရင်း သုံးကြိမ်ကာကွယ်နိုင်ခဲ့သည်။

အင်္ဂလန်တို့ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း အမေရိကန်ဂိုးဧရိယာ ၁၈ကိုက်အတွင်းရောက်လျှင် ပျက်သွားတတ်ရာ ဂိုးရရှိရေး မျှော်လင့်ချက် အကောင်အထည်မပေါ်နိုင်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အင်္ဂလန်တို့ ပွဲချိန်ပြည့်သည်အထိ ရလဒ်မပြောင်းလဲနိုင်ခဲ့၍ တစ်ဂိုးစီသရေပွဲဖြင့် တစ်မှတ်စီခွဲယူကာ ပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။ ။

(အင်တာနက်)

မီးဘေးကြိုတင်ကာကွယ်

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ထားမလုံဈေး၊ အောင်ချမ်းသာဈေး၊ ကမ်းနားဈေးနှင့် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ဇွန် ၁၀ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် တာဝန်ရှိသူများက စစ်ဆေးချက်မှတ်တမ်းပါ အချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် သက်ဆိုင်ရာ ဈေးအလိုက် ဈေးတာဝန်ခံများ၊ ဈေးအကျိုးဆောင်အဖွဲ့ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဥယျာဉ်စီမံကိန်း၊ သာယာကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-အီး၂)၊ မြေကွက်အမှတ်(၁/၁၁၇)၊ ဧရိယာ ၀ ဒသမ ၁၂၀ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စံပယ်လမ်းသွယ် (၃)၊ အမှတ်(၁/၁၁၇)ဟု ခေါ်တွင်သော တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးအောင်မင်းခိုင်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာလက်ခံရရှိထားသူ ဦးဇော်မင်းဝင်း ၁၂/ပဘတ(နိုင်)၀၂၈၅၆၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး
B.Sc, Hon(IC), HGP, R.L, D.B.L.
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀-၁၇၀၄၄။

ကျန်းမာသော လူမှုဘဝနေထိုင်မှု ပုံစံအကြောင်း ပညာပေးဟောပြောပွဲ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ကျန်းမာသောလူမှုဘဝနေထိုင်မှုပုံစံအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက် ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာဦးကျော်မြင့်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ဟောပြော

ဟောပြောပွဲသို့ အမျိုးသမီးဆရာဝန်များအဖွဲ့ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စိတ်ပါဝင်စားသူများ ၂၀၀ ကျော် တက်ရောက်ကြသည်။ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းဌေး၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြစန္ဒာခိုင်**(အောက်ပုံ)**၊ ကျန်းမာရေးပညာဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်သန်းဦးတို့က ကျန်းမာသောလူမှုဘဝတွင် နေထိုင်နိုင်ရန် ရှောင်ရန်ဆောင်ရန် ဆေးပညာပိုင်းဆိုင်ရာ အကြောင်းများကို ရုပ်ပြဆလိုက်များဖြင့်ပြသပြီး ဟောပြောကာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသွားသည်။ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက ကျေးဇူးတင်စကားပြောကြားသည်။ **(၁၂၃)**

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး စာရေးဆရာကျော်ဝင်း ဆွေးနွေးဟောပြောမည့် The World is Flat but... ခေါင်းစဉ်နှင့် ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၆ ရက်တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်လိုသူများ အနေဖြင့် ဇွန်၁၈ရက် (သောကြာနေ့) နောက်ဆုံးထား၍ CE0 စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃ နှင့် ၅၀၇၃၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်စိုးလင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ရွှေ ဖြစ်ပါသည်။ **ဦးစိန်ရွှေ**
၁၄/ပသန(နိုင်) ၀၂၇၉၇၅။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို လားရှိုးမြို့ အလက(၅)၌ ဇွန် ၁၂ ရက်နှင့် ၁၃ ရက်က ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူးကိုယ်စား လားရှိုးခရိုင်ဦးစီးဌာနမှူးနှင့် တွဲဖက်ပြည်နယ်ပညာရေးမှူးတို့ ကြည့်ရှုအားပေးကြစဉ်။ (ပြည်နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကတ္တရာလမ်းအထိ ကုန်များတင်၍ ရောင်းချနေ

စာတည်းခင်ဗျား-

တောင်ငူမြို့တွင်းရှိ ဈေးဆိုင်များသည် (၆)လမ်း၊ ကုန်သည်ကြီးလမ်း၊ ဈေးလမ်း၊ ကန်တော်လမ်းနှင့် ဓာတုကလျာလမ်းတို့တွင် အိမ်ရှေ့ရေမြောင်းကိုကျော်ပြီး ကတ္တရာလမ်းပေါ်အထိ ရောင်းကုန်များကိုတင်၍ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ရောင်းချလျက်ရှိပါသည်။

ဈေးကြီးအတွင်းမှာလည်း အချို့နေရာများတွင် လူနှစ်ဦးရှောင်၍ မရအောင် ဆိုင်များရှေ့ထုတ်ခင်းပြီး ရောင်းချနေပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

လေထိုးကျွတ်ဖာဆိုင် ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

မကွေးတိုင်း ချောက်မြို့ အမှတ်(၁၅)နယ်မြေ (ရတနာအိုင်)ရပ်ကွက် လမ်းမတော် အော်တိုအိတ်ချိန်းဝန်းကျင်ရှိ လေထိုးကျွတ်ဖာဆိုင်မှ စက်သံများ၊ ကားဘီးတာယာခွေထုနှက်သံများနှင့် ညစ်ညမ်းစွာပြောဆိုသံများကြောင့် ရပ်ကွက်နေပြည်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ ၄င်းလေထိုးဆိုင်အား ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **နားမခံနိုင်သူများ**

မြောင်းမကြီး ရေစီးရေလာကောင်းစေချင်

စာတည်းခင်ဗျား-

ပဲခူးမြို့ ညောင်ဝိုင်း (၁၃)လမ်းထိပ်ရှိ မြောင်းမကြီးအတွင်းသို့ အနီးရှိကြံဆိုင်မှ ကြံချောင်းများကို ချထားပြီးလုပ်ကိုင်နေပါ၍ မြောင်းမှာ ကျဉ်းမြောင်းပြီး ရေစီးရေလာမကောင်းဘဲ လမ်းများပါပျက်စီးနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညောင်ဝိုင်းသား**

ပင်လုံလမ်းပြန်ဖို့၍ ကတ္တရာလောင်းပေးပါ

စာတည်းရှင့်-

တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကို ကတ္တရာခင်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမအောက်ဘက်ရှိ ပင်လုံလမ်းအား ကတ္တရာကြိုရန်အတွက် လမ်းအားကျင်းများတူး၍ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းလမ်းကြီးကို ကတ္တရာခင်းပြီးသွားသော်လည်း ပင်လုံလမ်းပေါ်ရှိ ကျင်းကြီးများအား ပြန်လည်ဖို့၍ မြေညှိခြင်း၊ ကတ္တရာများ ပြန်လောင်းခဲ့ခြင်းမရှိပါသဖြင့် အမှိုက်များပြည့်နေခြင်း၊ ရေဝပ်နေခြင်းနှင့် ကားအသွားအလာများ အခက်အခဲဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

နံပါတ်နက်ကားများဂိတ်ထိုး၍ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဗိုလ်မှူးဗထူးဈေးမှတ်တိုင် လမ်းဆုံတွင် နံပါတ်အနက်ကားများ နေ့စဉ်ဂိတ်ထိုးကြသဖြင့် ရုံးသွားရုံးပြန်များ၊ ဈေးသွားဈေးပြန်များ၊ ဝန်ထမ်းကြို/ပို့ ကားများနှင့် စက်ဘီး၊ ဆိုက်ကားများ နေ့စဉ်လမ်းပိတ်ဆို့လျက်ရှိပါသည်။

တစ်ဖန် တရားမဝင် နံပါတ်အနက်ကားများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ မူးယစ်ဆဲဆိုနေကြခြင်း၊ ခရီးသည်လုရ၍ စကားများကြခြင်းတို့ကြောင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်ပေါ်စေပါ၍ တရားမဝင် နံပါတ်အနက်ကားများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **တာဝန်သိသူတစ်ဦး**

ဝက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် သောင်ကြီးလမ်းမရှိ အိမ်တစ်အိမ်တွင် စီးပွားဖြစ်ဝက်မွေးမြူလျက်ရှိရာ ထိုဝက်ခြံမှအနံ့ဆိုးများ တစ်နေ့တခြား ပိုမိုဆိုးရွားလာသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

ပုံ့ကျဈေးသည်များကြောင့် သွားလာရန်ခက်ခဲ

စာတည်းရှင့်-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း တောင်ရပ်ကွက် ရန်ပြိုလမ်းနှင့် ဂန္ဓမာလမ်းပေါ်တွင် ပုံ့ကျဈေးသည်များကြောင့် ခရီးသွားလာသူများ ခက်ခဲခြင်းနှင့် အနံ့ဆိုးများ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဂန္ဓမာသူ**

ပလတ်စတစ်ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

မန္တလေးတိုင်း ပုသိမ်ကြီးမြို့ သီရိရတနာရပ်ကွက်အတွင်းရှိ ပလတ်စတစ်လုပ်ငန်းစက်ရုံမှထွက်ရှိသော ပလတ်စတစ်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ်များတွင် ညှော်နံ့မခံနိုင်အောင်ဖြစ်ကြရပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **သီရိရတနာရပ်ကွက်သူ**

တာယာလုပ်ငန်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်

စာတည်းရှင့်-

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ သုတ(၁)လမ်း၌ အိမ်တိုင်းအိမ်တိုင်းတွင် စီးပွားဖြစ် တာယာများ ရောင်းဝယ်နေပါသဖြင့် ရပ်ကွက်တွင်း မီးဘေးအန္တရာယ်နှင့် ကလေးငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားရန် စိုးရိမ်ပူပန်မှုများ ဖြစ်နေရပါ၍ အဆိုပါအိမ်ကို သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သုတ(၁)လမ်းသူ**

ငါးပိ၊ ငံပြာရည်အနံ့ဆိုးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၁၅-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လှိုင်သာယာမြို့နယ် အမှတ် (၃)ရပ်ကွက် မင်းရဲကျော်စွာ (၈)လမ်းရှိ ငါးပိ၊ငံပြာရည်လုပ်ငန်းကြောင့် ရပ်ကွက်အတွင်းမှ အနံ့ဆိုးလုပ်ငန်းဖယ်ရှားပေးစေလို** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝက်၊ ကြက် အနံ့ဆိုးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၂၆-၄-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်တန်းမြို့၌ ဝက်မွေး၊ ကြက်သတ်အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်မှု** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

တွံတေးမြို့ ဈေးသစ်ရပ်ကွက် ဆရာစံလမ်းတွင် ကျူးကျော်ဈေးသည်များ ပိတ်ဆို့နေသဖြင့် လူများသွားလာနိုင်မှုမရှိခြင်းနှင့် မိုးရာသီ၌ ဆိုင်ခန်းများ ပိတ်နေသဖြင့် ရေနုတ်မြောင်းများ တူးဖော်မရနိုင်၍ ကျန်းမာရေးအတွက် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

လောင်စာဆီသိုလှောင်ရောင်းဝယ်မှုကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် မအူကုန်းလမ်းကျယ် လမ်းမကြီးထိပ် အထက(၁)တာမွေ ကျောင်းဘက်ထိပ်တွင် လောင်စာဆီမှောင်ခိုရောင်းဝယ်သူတစ်စုသည် ဆိုင်တန်း၊ တဲတန်းများ ဆောက်လုပ်၍ နေ့ညလောင်စာဆီများကို သိုလှောင်ရောင်းချလျက်ရှိပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းညှိကြခြင်းကြောင့် မီးလောင်မှုကို စိုးရိမ်ရပါသဖြင့် အဆိုပါဆိုင်တန်းများအား သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မအူကုန်းသား**

မီးစက်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းရှင့်-

သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ရိပ်သာလမ်းရှိအိမ်တစ်အိမ်တွင် မီးစက်ကြီးမောင်း၍ ရပ်ကွက်အတွင်း ဆူညံစွာစီးပွားရှာနေပါသည်။ မီးစက်ကြီးအတွက် လောင်စာဆီများ သိုလှောင်ခြင်း၊ ဖြည့်သွင်းခြင်းတို့ကြောင့် တစ်ရပ်ကွက်လုံး မီးဘေးအန္တရာယ်ကျရောက်နိုင်သည့်အပြင် ပတ်ဝန်းကျင်ရှိလမ်းသားများလည်း ဆူညံသံများ နေ့စဉ်ခံစားနေကြရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးစိုးရိမ်သူ**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဂီတဥယျာဉ်

Key Board

တီးနည်း အမှတ် ၅

ထွက်ပြီ

Key Board သင်တန်း

အဆို၊ အဖတ်၊ အရေး၊ အတီး

သင်္ကေတဖြင့် သင်ပေးသည်။

ဦးတင်အေး(ထားဝယ်)

အမှတ် ၁၄၉၊ ၃၁လမ်း(အလယ်)

ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၆၁၆၉ ဂျာလင်း JL90 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမောင် ၅/စကန(နိုင်)၀၇၆၄၄၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ စစ်ကိုင်းမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၃၊ ဦးပိုင်အမှတ် ၁၂+၁၃+၁၁-ခ(ခဲစင်း)၊ ၂၆လမ်း၊ သင်္ဂဇာချောင်းအနောက်ဘက် ဒေါ်စောရီပါ (၃) အမည်ပေါက် မြေကွက်အား ဒေါ်ယုယုမော် ၉/မနတ(နိုင်)၀၈၄၃၇၄က အမှုတွဲအမှတ် ၀၃၇၁/ဘ(ခွဲ/ပြောင်း)၊ ၂၀၀၉-၂၀၁၀ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဦးလောမင်း၏ပတ်စပို့ No-018966 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၇၃၀၀၄၃၊ ၀၁-၅၁၂၉၂၁၊ ၀၉-၅၅၀၆၆၇၄။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၅၄၃ ဟွန်ဒါဒရင်း ၁၀၀ MT ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၉/ညဥန(နိုင်) ၀၃၄၀၈၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။

ရောင်းမည်

စက်မှုမြေကွက် စက်မှုဇုန်(၁)၊

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊

ရန်ကုန်လမ်း၊ ပေ(၁၂၀ × ၁၂၀)၊

ရေမီးစုံ ခြံခတ်၊ မြေဖို့၊ အုတ်ခင်း။

၂၅ ပေ× ပေ ၆၀ ဂိုဒေါင်၊

ပါဝါနှစ်လုံး၊ ရိုးရိုးနှစ်လုံး+ဖုန်း

(ညှိနှိုင်းဈေး) ဖုန်း-၀၉-၅၁၁၃၀၈၉။

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် မက/၆၂၉၀ ဂျာလင်း ၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုးဒေါင်း ၈/မမန(နိုင်)၀၄၀၇၅၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ပခုက္ကူ။

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၅၆၈၇၄ ဂျာလင်း JL90 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၅/စကန(နိုင်)၀၇၆၅၆၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ စစ်ကိုင်းမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည/၉၀၊ ဦးပိုင်အမှတ်(၃၃)၊ ၄၅လမ်း×၄၆လမ်း၊ မင်းကြီးရန်နောင်လမ်းတောင်ဘက် ဦးချစ်မောင်အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ မြေနေရာချထားပေးသော အထောက်အထားမူရင်းမှာ ပျောက်ဆုံးသွားပါ၍ မူလမြေနေရာချထားခြင်းခံရသူ ဦးချစ်မောင် ၉/မနတ(နိုင်)၀၅၆၇၈၃ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ မြေချမိန့်ပျောက်ဆုံးကြောင်း အထောက်အထားများဖြင့် မြေစလစ်မူရင်း ခွဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၄၈၊ ဦးပိုင်အမှတ် ၃၇(ခဲစင်း)၊ ၁၉လမ်း×လမ်း၂၀၊၈၁လမ်း× ၈၂လမ်း ကိုစိုးပါ (၂) အမည်ပေါက် မြေကွက်အား ဦးဝင်းထွဋ် ၉/မရမ(နိုင်)၀၅၆၆၃၀က အမှုတွဲအမှတ် ၀၀၆၇/ဘ (ခွဲ/ပြောင်း)/၂၀၁၀-၂၀၁၁ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၉၉၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ (FG)၊ မြေကွက်ပေါ်ရှိ ခြောက်လွှာပါ နှစ်ခန်းတွဲ၊ တိုက်ခန်းအနက်မှ မူလအမည်ပေါက် ဦးလှ(ခ)ဦးဆင်(ကွယ်လွန်)၏ သမီးဖြစ်သူ ဒေါ်လှဌေး ၁၂/တမန(နိုင်)၀၃၅၆၉၃သည် ပိုင်ဆိုင်သူ၏ သမီးဖြစ်ကြောင်းပြောဆိုလျက် တိုက်ခန်းအမှတ် ၇၉၉၊ ပထမထပ်၊ ခေါင်းရင်းခန်းအား အမွေဆိုင်မိသားစု၏သဘောတူညီမှုဖြင့် ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်မိတ်ဆွေနှင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီးနောက် ကြိုတင်စရန်ငွေ တစ်စိတ်တစ်ဒေသကိုလည်း ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သိန်း	**ဒေါ်မိုးမိုးနိုင်**
တရားရုံးချုပ်ရှေ့နေ(စဥ်-၆၉၈၀)	**အထက်တန်းရှေ့နေ (စဥ်-၂၆၉၁၀)**

တိုက်-၃၆၅၊ (ပထမထပ်)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၅၀၄၊ မြေကွက်တည်နေရာအမှတ် ၅၀၄၊ သရဖီ ၁လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးရွှေလှိုင် HGU-၀၂၄၄၀၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရွှေလှိုင် ကွယ်လွန်သဖြင့် ဒေါ်လှမြိုင် ၁၂/သဃက(နိုင်)၀၁၈၅၇၆က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၄၄၈၂၉၊ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၉/မထလ(နိုင်)၀၄၈၄၄၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ကံသာယာရပ်ကွက်၊ အကွက်အမှတ် F၊ ဦးပိုင်အမှတ်(၃၆)၊ ၅၆လမ်း×၅၇လမ်း၊ ခိုင်ရွှေဝါ၊ မနော်ဟာရီလမ်း ဦးမျိုးလွင်အမည်ပေါက် မြေကွက်အား ဦးသိန်းထူး ၉/မနတ(နိုင်)၀၇၈၉၈၀ က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူအမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

စာအုပ်စာပေ လူ့မိတ်ဆွေ

အလှူရှင်ဦးစိုးလွင်(ရွှေသားငယ်) ကုမ္ပဏီမှလှူဒါန်းမှုဖြင့် ရပ်စောက်မြို့ နဂါးပတ်ချောင်း(ရေကြည်ချောင်း) ကမ်းပါး ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၃ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေးဦးသူနာပြုစုသင်တန်း စဉ့်ကိုင်အထက်၌ဖွင့်

ကျောက်ဆည် ဇွန် ၆

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော စဉ့်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများအား အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်း သင်တန်းအမှတ်စဉ် (၂/၂၀၁၀)ကို မေ၂၁ရက် နံနက် ၉နာရီက စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်မာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်လတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး မြို့တွင်းလမ်းလယ်ကျွန်းများနှင့် လမ်းဘေးဝဲယာများတွင် စိုက်ပျိုးရန် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဧပြီ ၂၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့ ကွင်းဆင်းဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်မြင့်လွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ ဒုတိယအကြိမ် နှစ်ပတ်လည်နေ့ အလှူငွေပေးအပ်လှူဒါန်းပွဲ၊ ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် အထောက်အကူပြုကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ နာယက ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ရန်ပုံငွေဖျော်ဖြေပွဲတွင် မေတ္တာဖြင့် ကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကျောင်းအပ်နှံရေးနေ့ တောင်ကြီးမြို့၌ကျင်းပ ကျောင်းသုံးစာအုပ်နှင့် ပညာသင်စရိတ်ပံ့ပိုး

တောင်ကြီး ဇွန် ၇

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ရက် နံနက် ၉နာရီက တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာအလင်္ကာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရှမ်းပြည်နယ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျောင်းသားကျောင်းသူလေးများက ပျော်ရွှင်စုံညီကျောင်းအပ်မည် သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရန်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ပြည်နယ်ပညာရေးမှူး ဦးလှဝင်းက ရှင်းလင်းပြောကြားသည်။

လက်ခံ

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရန်မျိုးအောင်က မသန်စွမ်းကလေးနှစ်ဦးအတွက် ကျောင်းသုံး ပုံနှိပ်စာအုပ်နှင့် ပညာသင်စရိတ်များပေးအပ်ရာ ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ညီညီလွင်နှင့် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မအဥ္ဇလီမွန်တို့က လက်ခံယူသည်။

ထောက်ပံ့

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပရိဘောဂနှင့် ထောက်ပံ့ငွေ စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၃၇သိန်းကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး) ဦးအောင်ဝင်းက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးစပါးနှင့်ငွေချည်(၆)ဝါသီးနှံများစိုက်ပျိုးရေး ရေဦး၌ စီမံကိန်းတာဝန်ပေးအပ်

ရေဦး ဇွန် ၅

ရွှေဘိုခရိုင် ရေဦးမြို့နယ်တွင် ၂၀၁၀-၂၀၁၁ မိုးစပါးနှင့်ငွေချည်(၆) ဝါသီးနှံများစိုက်ပျိုးရေးစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက စီမံကိန်းသီးနှံများကို တာဝန်ပေးအပ်သည့်အတိုင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်ဆွေလင်း၊ မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးပွဲမောင်နှင့် မြန်မာ့ဝါလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်ခိုင်ခိုင်အောင်တို့က ရှင်းလင်းဆွေးနွေးပြီး မိုးသီးနှံစီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းကပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်(မြို့ပြ) ပြည်သာယာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့ ချီဖွေ၌ ကျင်းပ

ချီဖွေ ဇွန် ၆

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် အထကကျောင်း မေခခန်းမ၌ မေ ၂၉ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလာရွှယ်က ကျောင်းအပ်နှံရေးကို ရှင်းလင်းဆွေးနွေးသည်။ ***(ခရိုင် ပြန်/ဆက်)***

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှုဆောင်အရာရှိဦးခင်မောင်မြင့်၏ ဦးဆောင်မှုဖြင့် မြို့၏ အဓိကရေထွက်မြောင်းဖြစ်သော ငှက်ပျောတောမြောင်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဦးလှနိုင် အငယ်တန်းအင်ဂျင်နီယာ(၂)နှင့်အဖွဲ့ မေ ၂၅ရက်က စတင်တူးဖော်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်မှ ဧရာဝတီမြစ်အတွင်းနှင့် ကမ်းနစ်ဖက်တို့၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းသုံးပစ္စည်းများကို အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းသုံးစွဲ

တံတားတည်ဆောက်ရေး အတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်၍ တံတားကြီး/ငယ်များကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇွန် ၁၁ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့သို့ ရောက်ရှိသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❒